# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် တနင်္ဂနွေနေ့။ Sunday, 29 March 2026 ၁၂၁၃၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများအား အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၈

မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအား အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


### ယနေ့ ဖတ်စရာ


**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်နှစ်ပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ** စာမျက်နှာ » ၆

**ကရင်ပြည်နယ် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့သို့ ဓာတ်အားပြည်လည်ဖြန့်ဖြူးပေးလျက်ရှိ** စာမျက်နှာ » ၁၁

**စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက Call Center သို့ မေးမြန်းတိုင်ကြားနိုင်** စာမျက်နှာ » ၁၆

ကြေးမုံ

# သဘာဝဘေးများရင်ဆိုင်ကျော်လွှား ကြိုတင်ပြင်ဆင်သတိပြုကာကွယ်

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာပြီး မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်း စသည့်ဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကမ္ဘာပေါ်ရှိနိုင်ငံအများစုအနေဖြင့် တစ်မျိုးမဟုတ်တစ်မျိုး အနည်းနှင့်အများဆိုသလို ကြုံတွေ့ခံစားနေကြရသည်။ သဘာဝဘေးအန္တရာယ်များ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသည့်နိုင်ငံများတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလွန်ကဲခြင်းတို့ဖြစ်ပေါ်လေ့ရှိပြီး ရံဖန်ရံခါတွင် ငလျင်လှုပ်ခတ်ခြင်းလည်း ဖြစ်ပေါ်တတ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်သမိုင်းကြောင်းများနှင့် ဖြစ်စဉ်အနေအထားများအရ ပြင်းအားကြီးမားသည့် ငလျင်လှုပ်ခတ်မှုမျိုးကို နှစ်တစ်ရာအတွင်း တစ်ကြိမ်၊ နှစ်ကြိမ်ကျ ကြုံတွေ့လေ့ရှိပြီး ကျန်ကာလများတွင် အင်အားအသင့်အတင့်နှင့်အင်အားအနည်းငယ်မျှရှိသော ငလျင်ငယ်များသာ မကြာခဏလှုပ်ခတ်လေ့ရှိသည်။ ၁၉၃၀ ပြည့်နှစ် မေလက ပြင်းအား ၇ ဒသမ ၅ ခန့်ရှိသည့် ပဲခူးငလျင်ကြီးလှုပ်ခတ်ပြီးနောက် နှစ်ပေါင်းတစ်ရာနီးပါးကြာမြင့်သည့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာ လူပေါင်း ၄၀၀၀ နီးပါးသေဆုံးခဲ့ပြီး လူ ၅၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကြားကာလများတွင်လည်း ဖြူးငလျင်၊ ပုဂံငလျင်များလှုပ်ခတ်ခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည်။

မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေး၊ ဆူနာမီဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လေ့ရှိသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော်ရှည်လျားပြီး ငလျင်အန္တရာယ် အချိန်မရွေးကျရောက်နိုင်သည်ကို အထူးသတိပြုဖို့လိုအပ်ပါသည်။

ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် သတိမမူမိဘဲ ပျက်စီးဆုံးရှုံးမှု များပြားစေသော ဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းအကြောင်းရင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားလှုပ်ရှားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် ရုန်းကန်တွန့်ခေါက် ရိုက်ခတ်မြည်ဟည်းတုန်ခါခြင်းဖြစ်သည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်အနက်၊ မြို့ပြ၊ ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ်မူတည်၍ ပျက်စီးဆုံးရှုံးမှု တူညီမှုမရှိနိုင်သည်ကိုတွေ့ရသည်။ များသောအားဖြင့် ငလျင်လှုပ်ခတ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်နိုင်သော်လည်း မခိုင်ခံ့သော အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများပြုတ်ကျမှုကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု များပြားခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လူ့အသက်များ ထောင်နှင့်ချီ၍ သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းသည် မခိုင်ခံ့သောအဆောက်အအုံများ ပြိုကျပျက်စီးခြင်းကြောင့် ဖြစ်ပွားခဲ့ရခြင်းကို သင်ခန်းစာယူဖွယ် တွေ့ရမည်ဖြစ်သည်။ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်တည်ဆောက်မှုများကို ယနေ့အချိန်အထိတိုင် ဆောင်ရွက်နေရသည်ကိုတွေ့ရမည်ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်များ မပျက်စီးမဆုံးရှုံးစေရန်အတွက် အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောက်လုပ်ကြရန်လိုအပ်ပြီး မိမိနေထိုင်သော အဆောက်အအုံများ ခိုင်ခံ့မှုရှိ၊ မရှိကို အမြဲတစေစစ်ဆေးပြုပြင် ဆောင်ရွက်ထားရန်လိုအပ်ပါသည်။ မိမိနေထိုင်ရာနေရာဒေသသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည်၊ မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်တို့ကို လေ့လာထားရန်လိုအပ်သည်။ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားရန်လိုအပ်ပြီး ငလျင်လှုပ်ခတ်သည့်အချိန်တွင် ပြုမူနေထိုင်ရှောင်ရှားရမည့် နည်းလမ်းများကို မိသားစုဝင်တိုင်းအား ကြိုတင်ပြင်ဆင်အသိပေးလေ့ကျင့်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဆင့်မနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (ဆင့်မနေ့)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာန၌ ဆက်လက်ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၀၆၇၉ ပါး/ဦးအနက် ၈၃၂၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၉၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၂၈

ယနေ့ညနေ ၅ နာရီ ၅၅ မိနစ် ၂၉ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ အရှေ့မြောက်ဘက် မိုင် ၄၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၈-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော တပ်မတော်သားများကိုယ်စား တပ်မတော် အရာရှိကြီးတစ်ဦးကို အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးကို အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ပါဝင်ခဲ့သည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ၊ ထောက်ပံ့ပစ္စည်းများ လှူဒါန်းခဲ့သော နိုင်ငံ/ အဖွဲ့အစည်းများ၏သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ စစ်သံမှူးများ၊ မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဆောက်လုပ်ရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ငလျင်ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့၌ ပမာဏ ၇ ဒသမ ၇ မက်ဂနီကျူ့ရှိသည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သဖြင့် ငလျင်ကြီးကြောင့် မိဘပြည်သူများ၏ အသက်ဆုံးရှုံးမှုများ၏ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ပြန်လည်ထူထောင်မှုများ လုပ်ဆောင်နေမှု အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားပင်ဖြစ်ကြောင်း။

မန္တလေး ငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၀)ခု၌ သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး၊ ဘေးသင့် အိမ်ထောင်စု ၁၆၂၅၆၃ စု၊ ဘေးသင့်လူဦးရေ ၄၂၄၀၆၃ ဦးနှင့် ယာယီရွှေ့ပြောင်းလူဦးရေ ၂၇၉၁၁၁ ဦး ရှိခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနေဖြင့် စုစုပေါင်း တန်ဖိုး ကျပ် ၇၉၇၉ ဘီလီယံကျော် ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှု များစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦး တစ်ယောက်ချင်းစီနှင့် မိသားစုများတွင်လည်း စီးပွားရေး၊ လူမှုရေးကအစ ထိခိုက်နစ်နာဆုံးရှုံးမှု များစွာရှိခဲ့ရသောကြောင့် မိမိတို့အတွက် ကြီးမားသည့် သင်ခန်းစာဟုပင် ပြောရမည် ဖြစ်ကြောင်း။

မိမိအနေဖြင့် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးပြီးချင်း ငလျင်ဘေးသင့်နေရာများကို ချက်ချင်း သွားရောက်ကြည့်ရှုခဲ့ရာ ပျက်စီးဆုံးရှုံးမှုပမာဏ များပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ချက်ချင်းဆိုသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့် နေရာများကို အရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာပြီး ကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေးလုပ်ငန်းများ ပြည်တွင်း၊ ပြည်ပက အကူအညီ အထောက်အပံ့များ ပေးအပ်နိုင်ရန် ချက်ချင်းဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း။

ငလျင်ဒဏ်သင့်သူများ အတွက် ပြည်တွင်း၊ ပြည်ပအလှူရှင်များထံမှ လူသားချင်းစာနာမှု အကူအညီများသည် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းတို့ဖြင့် တဖွဲဖွဲ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စင်ကာပူနိုင်ငံမှအဖွဲ့အစည်းများ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ UAE နိုင်ငံ၊ ဗင်နီဇွဲလားသမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ AHA Centre စသည့် နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းစုစုပေါင်း ၂၆၆၁ ဒသမ ၃၂၁ တန်ကို လက်ခံရရှိခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ငလျင်ဘေးသင့်ဒေသများဆီသို့ လက်ကျန်မရှိဖြန့်ခွဲပေးခဲ့ကြောင်း။

ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယာယီနေထိုင်ရေး၊ ယာယီရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် Prefabricated Office များ၊ Prefabricated House များ၊ ငလျင်ဘေးတုံ့ပြန်ရေး လုပ်ငန်းများအတွက် စက်သုံးဆီများ၊ အရေးပေါ်ခွဲစိတ်ခန်းများ၊ ဆေးဝါးများကိုလည်း စနစ်တကျ ဖြန့်ခွဲအသုံးပြုခဲ့ကြောင်း။

အရေးပေါ် ရှာဖွေကယ်ဆယ်ရန်၊ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် နိုင်ငံပေါင်း ၂၅နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်း ၁၉၃၅ ဦး၊ ကျန်းမာရေးစောင့်ရှောက်ရေးပညာရှင်နှင့် ဆရာဝန် ၈၄၅ ဦးတို့ လာရောက်ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာမှကူညီကယ်ဆယ်ရေးအဖွဲ့များ အပါအဝင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ခက်ခက်ခဲခဲအင်တိုက်အားတိုက် စွန့်စားပြီး ကြိုးပမ်းရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့်အတွက် အသက်ရှင်လျက် စုစု ပေါင်း ၆၅၃ ဦး ကယ်ဆယ်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ အပါအဝင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ခက်ခက်ခဲခဲ အင်တိုက်အားတိုက် စွန့်စားပြီး ကြိုးပမ်း ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့်အတွက် အသက်ရှင်လျက် စုစုပေါင်း ၆၅၃ ဦး ကယ်ဆယ်နိုင်ခဲ့**

☆ စာမျက်နှာ ၃ မှ

ငလျင်ဘေး ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပြသခဲ့ကြသည့် မိဘပြည်သူများ၏ မေတ္တာစေတနာ၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဖွဲလုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးနှင့် ဂုဏ်ယူစရာအကောင်းဆုံး အမျိုးသားရေးဆိုင်ရာ အရင်းအနှီးများပင်ဖြစ်ကြောင်း၊ အသက်အန္တရာယ်များကြားမှ ကြံ့ခိုင်ရဲဝံ့စွာဖြင့်သတ္တိရှိရှိကြိုးစားရှင်သန်ကျန်ရစ်ပေးကြသည့် ပြည်သူများအား ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် သက်စွန့်ကြိုးပမ်း ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ အပါအဝင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များကိုလည်း နိုင်ငံတော်၊ ပြည်သူအားလုံးနှင့် ရှင်သန်ကျန်ရစ်သူများကိုယ်စား အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်းကို အလေးအနက်ပြောကြားလိုကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC)ကို ငလျင်ဖြစ်ဖြစ်ပြီးချင်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် နေ့ညမပြတ် အားသွန်ခွန်စိုက်ဖြင့် စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျအဆောက်အအုံများ အတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နိုင်ရေး၊ ငလျင်ဘေး သင့်သူများ မိုးမကျမီ ယာယီအမိုးအကာအောက် ရောက်ရှိရေး၊ လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေး၊ ကျောင်းများ အချိန်မီပြန်ဖွင့်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စသည်များကို ဦးစားပေးပြီး အလျင်အမြန် လုပ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် မန္တလေးငလျင်ကြောင့် သေဆုံးခဲ့သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ကျန်ရစ်သူ မိသားစုများအား ထောက်ပံ့ပေးခဲ့သကဲ့သို့ ထိခိုက်ဒဏ်ရာရသူများနှင့် ပြည်သူလူထု အိမ်ရာပျက်စီးမှုများအတွက် ငွေနှင့် တည်ဆောက်ရေးပစ္စည်းများကို ငွေကျပ်ဘီလီယံ ၁၆၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဘာသာရေးကျောင်းများ၊ ရုံးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်မွမ်းမံရန်၊ အသစ်ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ခြင်း စသည်တို့အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၃၄၂ ဒသမ ၉၅၇ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မန္တလေးငလျင်ကြီး တုံ့ပြန်ရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများအား ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော နီပေါနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား အမှတ်တရ ဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ကယ်ဆယ်ရေးအဖွဲ့များအား အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရေတိုရေရှည် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်မှု မရှိစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ရှင်သန်ရေးနှင့် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ရေး စသည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဆောင်ရွက်ရန် လမ်းညွှန်အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများပြန်လည်နိုးထရန်းကန်ရှင်သန်နိုင်ရေး နည်းလမ်းနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ဆွေးနွေးအဖြေရှာ ဆောင်ရွက်ခဲ့ကြကြောင်း။

အလားတူ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး ငလျင်ဘေးကြောင့် လူသေဆုံးမှု အများစုအနေဖြင့် အင်ဂျင်နီယာပိုင်း ဆိုင်ရာ သတ်မှတ်ချက်များ၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့်ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်ကာလ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပြင်းအားအဆင့်(၈)အထိ ခံနိုင်ရည်ရှိသည့်အဆောက်အအုံများ ဆောက်လုပ်သွားရန်၊ မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများဖြစ်စေရေး၊ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်သည့် မြို့များကို ဖော်ဆောင်ပေးနိုင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး အလေးအနက်ထားလိုက်နာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အနာဂတ်တွင် ဘေးအန္တရာယ်မှ လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးတည်ဆောက်မည်ဆိုပါက ဘေးကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် သင်ခန်းစာယူပြီး နောင်တွင် အဆောက်အအုံများ၊ လမ်းတံတားများ တည်ဆောက်ရာတွင် Building Codes အပါအဝင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်သွားကြရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ တည်ဆောက်ရေး ကဏ္ဍတွင် ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများ အပါအဝင် သက်ဆိုင်သူအားလုံးအနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသည့် အခြေခံအဆောက်အအုံများ ဖန်တီးဆောက်လုပ်ပေးကြရန် ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။ စာမျက်နှာ ၅ သို့ ☆

- ❖ **နိုင်ငံတော်အနေဖြင့် မန္တလေးငလျင်ကြောင့် သေဆုံးခဲ့သူတစ်ဦးကို ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ပေးခဲ့သကဲ့သို့ ထိခိုက်ဒဏ်ရာရသူများနှင့် ပြည်သူလူထု အိမ်ရာပျက်စီးမှုများအတွက် ငွေနှင့် တည်ဆောက်ရေးပစ္စည်းများကို ငွေကျပ်ဘီလီယံ ၁၆၀၀ ကျော် ထောက်ပံ့ပေးခဲ့**
- ❖ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတိုရေရှည် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်မှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိ**
- ❖ **ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နိုးထရုန်းကန်ရှင်သန်နိုင်ရေး နည်းလမ်းနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ဆွေးနွေးအဖြေရှာ ဆောင်ရွက်ခဲ့**

# အနာဂတ်တွင် သဘာဝဘေးဒဏ်အပါအဝင် နိုင်ငံ့အတွက် ကျရောက်လာမည့်အန္တရာယ်ရန်စွယ်အခက်အခဲမှန်သမျှကို စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းရင်ဆိုင်ပြီး ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးကို တည်ဆောက်



အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ

နိုင်ငံတော်အနေဖြင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ လက်ရှိအချိန်အထိ ကဏ္ဍအသီးသီးတွင် ပြီးစီးမှု ၈၄ ရာခိုင်နှုန်းခန့်ရှိပြီး အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက် လျက်ရှိကြောင်း၊ မကြာမီကာလအတွင်း နိုင်ငံ့တာဝန်ကို လွှဲပြောင်းယူမည့် အစိုးရသစ်အနေဖြင့် လက်ရှိအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ငလျင်ဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထိုကဲ့သို့ ရာသီဥတုသဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများအပြင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသည့် စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍစုံတွင် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်စွမ်းတို့ကို အခြေခံတွက်ချက်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဘေးဖြစ်နိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ညွှန်ကိန်း ၂၀၂၅ (World Risk Index)အရလည်း မြန်မာနိုင်ငံသည် အဆင့် ၆ နေရာတွင် ရှိနေကြောင်း၊ ယင်းတို့ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကဏ္ဍတိုင်းတွင် သေချာထည့်သွင်း ဆောင်ရွက်ကြရန် အရေးတကြီး လိုအပ်နေသည်ကို အထူးသတိပြု လိုက်နာဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း။

တပ်မတော်အစိုးရ တာဝန်ယူသည့် ၅ နှစ်တာကာလအတွင်း ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့တစ်ဝန်းဖြစ်ပွားသည့် ကိုဗစ် - ၁၉ ကူးစက်ရောဂါဘေး၊ ၂၀၂၃ ခုနှစ် မိုခါ မုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းဘေးနှင့် ၂၀၂၅ ခုနှစ်တွင် မန္တလေးငလျင်ဘေးတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အဆိုပါသဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးခဲ့ရုံမျှမက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဟန့်အတားဖြစ်စေခဲ့ကြောင်း။

အင်အား အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ခဲ့ရုံမျှမက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ကြီးမားစွာ ထိခိုက်ခဲ့ရသော်လည်း မြန်မာလူမျိုးများ၏ ပြင်းပြသည့် စိတ်ဓာတ်နှင့် ကြံ့ကြံ့ခံနိုင်မှု၊ စုစည်း ညီညွတ်မှုများကြောင့် အခက်အခဲ၊ အဟန့်အတားများကို အောင်မြင်သည့်အတိုင်းအတာတစ်ခုအထိ ရင်ဆိုင်ကျော်လွှားသွားနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မူလအခြေအနေထက် သာလွန်အောင် ပြန်လည် တည်ဆောက်နိုင်လိမ့်မည်ဟု အခိုင်အမာပြောကြားလိုကြောင်း။

အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် မူလကတည်းက ထိထိရောက်ရောက်ကြိုတင်စီမံ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ထားမှသာလျှင် သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ကို ခုနစ်ဆခန့် လျှော့နည်းသက်သာစေနိုင်သည်ဟု ပညာရှင်များက ဖော်ထုတ်ထားသည့်အတွက် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မဖြစ်မနေထည့်သွင်းစဉ်းစား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထိုကဲ့သို့ကြိုးပမ်းတည်ဆောက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် မလုံလောက်ဘဲ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ရင်ဆိုင်ရချိန်တိုင်းတွင် "We are Stronger, We are Together" ဟူသည့် စိတ်ဓာတ်ခံယူချက်ဖြင့် ကြံ့ကြံ့ခံ ကျော်လွှားပေးခဲ့ကြသကဲ့သို့ အနာဂတ်ကာလ နိုင်ငံ၏ မျက်နှာစာသစ် ဖွင့်လှစ်မှုခရီးတွင်လည်း အလားတူ စိတ်ဓာတ်ခွန်အားများကို ဆက်လက်မွေးမြူပြီး နိုင်ငံတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲရင်ဆိုင် ကျော်ဖြတ်သွားကြရန် မှာကြားလိုကြောင်း။

အနာဂတ်တွင် သဘာဝဘေးဒဏ်အပါအဝင် နိုင်ငံ့အတွက် ကျရောက်လာမည့် အန္တရာယ်ရန်စွယ် အခက်အခဲမှန်သမျှကို စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းရင်ဆိုင်ပြီး ကြံ့ကြံ့ခံနိုင်သည့် ရေရှည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ကြပါဟု တိုက်တွန်းပြောကြားရင်း ငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရဟန်းရှင်လူအပေါင်း ကောင်းရာမွန်ရာ ရောက်ရှိ ကြပါစေကြောင်း၊ နိုင်ငံတော်ကြီးသည် လည်း အနာဂတ်တွင် ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းရှင်းပြီး တိုင်းရင်းသား မိဘပြည်သူအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းကို ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအား အမှတ်တရ ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော တပ်မတော်သားများကိုယ်စား တပ်မတော် အရာရှိကြီးတစ်ဦးအား လည်းကောင်း၊ တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအားလည်းကောင်း၊ ရုရှားနိုင်ငံကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအားလည်းကောင်း၊ အိန္ဒိယနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးအား လည်းကောင်း အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နီပေါနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း၊ ဘရာဇီးနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား ဘရာဇီးနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း၊ ယူအေအီးနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ယူအေအီးနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း အမှတ်တရ ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တို့က မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော နိုင်ငံများအလိုက်မှ ကယ်ဆယ်ရေးအဖွဲ့များကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံငလျင်ကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ ကိုယ်စားလှယ်များအား အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မန္တလေးငလျင်ကြီး တုံ့ပြန်ရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများအား လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်နှစ်ပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ





နေပြည်တော် မတ် ၂၈

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မန္တလေး ငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်နှစ်ပြည့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော်ကြီး ဆွမ်းစားကျောင်း ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင် ကျောင်းတိုက် ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဦးကိုကိုလှိုင်၊ ဒေါက်တာ ကံဇော်၊ ဒေါက်တာ ဝါဝါမောင်၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူ များက နေပြည်တော် ပုဗ္ဗသီရိမြို့ နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည် ကာ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော် မူသော မေတ္တာသုတ် ပရိတ်တရားတော် များကို နာယူကြည်ညိုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး များက လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက် ဆရာ တော်အမှူးပြုသော ဆရာတော် ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဝိစက္ခဏထံမှ အနု မောဒနာတရား နာကြား၍ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှု ကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရ သည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများ အားရည်စူးပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**





## မုံရွာမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများလောင်းလှူပွဲကျင်းပ



မုံရွာ မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့က ကြီးမှူးကျင်းပသော မုံရွာ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း တိုက် သုံးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင် ကျောင်းတိုက် ခြောက်ကျောင်းမှ သီလရှင်ဆရာ ကြီး ဆရာလေးများအား ဆွမ်းဆန် စိမ်းများလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပ သည်။

ဦးစွာ တိုင်းဒေသကြီး တရား သူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ လာရောက် လောင်းလှူကြသည့် တိုင်းဒေသ ကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်း ဒေသကြီး/ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိမှ MSME လုပ်ငန်းရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ လောင်းလှူရန် ပြင်ဆင်ဆောင်ရွက် နေမှုများကို ကြည့်ရှုအားပေးကြ သည်။

ယင်းနောက် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲ များနှင့် ဝတ္ထုငွေများကို လောင်းလှူ ခဲ့ကြပြီး သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုငွေများ ကို ဆက်ကပ်လောင်းလှူကြ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြစ်သားမြို့နှင့် ကူမဲမြို့၌ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်

မြစ်သား မတ် ၂၈

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီ ၅၁ မိနစ်တွင် မြစ်သားမြို့ပေါ် ခြောက်ရပ်ကွက် နှင့် ကူမဲမြို့အတွင်း ကားဖြင့်လှည့်လည်၍ ဆောင်ရွက်သည်။

မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အထိမ်းအမှတ် ပရိတ်တော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ရာတွင် မြစ်သားမြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဦးကေလာသ ဦးဆောင်၍ ဆရာတော်သံဃာတော် များအား ပင့်ဖိတ်၍ မြစ်သားမြို့ပေါ် ခြောက်ရပ်ကွက်အတွင်းနှင့် ကူမဲမြို့ အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် အန္တရာယ်ကင်းပရိတ် တရားတော်များကို လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက် သည်။ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်သည့် ဆရာတော် သံဃာတော်များ အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက အချိုရည်၊ ရေသန့်ဘူးများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး Mr. Gustavo Rocha de Menezes အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား ရှိရင်းစွဲ ကောင်းမွန်သည့်ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံ-ဘရာဇီး ကဏ္ဍအလိုက် ဆွေးနွေးဖက် မိတ်ဖက်ဆက်ဆံရေးအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဘရာဇီးနိုင်ငံမှ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါ အခြေခံမူများအပေါ် အခြေခံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# (၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပ

**ဆိုးလ် မတ် ၂၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး၊ ဆိုးလ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မတ် ၂၆ ရက် ညပိုင်းတွင် ဆိုးလ်မြို့ Mondrian Seoul Itaewon ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံတော် သီချင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းတို့ဖြင့် ဂုဏ်ပြုခြင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ဆုတောင်းခြင်း၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ/ မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးမျိုးမြင့်မောင်နှင့် မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဝင့်သူတို့က ဂုဏ်ပြုစကားများ ပြောကြားသည်။ **(ယာပုံ)** ထို့နောက် တပ်မတော်နေ့ကိုဂုဏ်ပြုသည့် မှတ်တမ်းဗီဒီယိုပြသခြင်း၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုကိတ်ခွဲခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းတို့ကို ဆောင်ရွက်သည်။ ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာအစားအသောက်များ (မုန့်ဟင်းခါး၊ ထမနဲ့၊ မုန့်လုံးရေပေါ်) အပါအဝင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဆိုးလ်မြို့အခြေစိုက် ဘီလာရုစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆိုးလ်အခြေစိုက် ပြည်ပနိုင်ငံများမှ စစ်သံမှူးများ၊ သံတမန်များ၊ အာဆီယံ-ကိုရီးယားဗဟိုဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ၊ ဧည့်သည်တော်များ စုစုပေါင်း ၂၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက် မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ ဒေသခံပြည်သူများအား (ဃ)ရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသပေးမှုများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၂၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများကို မတ်လ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တို့၌ အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက်ရောက် မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင်စွမ်းဆောင် နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်း ခံရသည့် စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြု ညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များ အလိုက် အသီးသီး ပြုလုပ်ကြသည်။

အလားတူ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သိရသည်။


**သတင်းစဉ်**

















# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၈**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများအား စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

**ပုံဖော်အလှဆင်ထား**

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲ၊ယာ တစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခုံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော် ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**










(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။

# စစ်ကိုင်းမြို့၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

**စစ်ကိုင်း မတ် ၂၈**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမှာစကားပြောကြားပြီး ရှန်းကန်နီးထလာသည့် ငလျင်ကြားမှ မြို့ရွှေစစ်ကိုင်း ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် တက်ရောက်လာကြသူများက မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ခန့် ငြိမ်သက်ကြပြီး ငလျင်ဘေးဒဏ်မှ အသက်ရှင်လျက်လွတ်မြောက်လာသည့် ပြည်သူနှစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။




ဆက်လက်ပြီး မြန်မာနိုင်ငံငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က မြန်မာနိုင်ငံနှင့် ငလျင်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(စစ်ကိုင်း) မှ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာလှမျိုးအောင်က ငလျင်ဒဏ်ခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် လိုက်နာရမည့်အချက်များကို ဟောပြောဆွေးနွေးသည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့က ပြသထားသည့် နံရံကပ်ပြဘုတ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့နံနက်ပိုင်းတွင်လည်း စစ်ကိုင်းမြို့ ရတနာစေတီဆင်များရှင်ဘုရား သာသနာ့ဗိမာန်၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားကို ကျင်းပရာ သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် အလှူရှင်များက စစ်ကိုင်းမြို့ရှိ ဘုရားစေတီများပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၅၄၀ ကို လှူဒါန်းပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင် ကျင်းပ

**ကျောင်းကုန်း မတ် ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုဃ်းကောင်းပရိယတ္တိစာသင်တိုက်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက စူဠဘွဲ့နှင်းသဘင် ဆောင်ရွက်ရခြင်းကိစ္စနှင့် ပတ်သက်၍ လျှောက်ထားခဲ့ပြီး ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကြီး၌ အောင်မြင်တော်မူကြသည့် ပထမငယ်တန်း၌ ရှင်သာမဏေတစ်ပါးနှင့် သီလရှင်တစ်ပါး၊ အခြေပြုမူလတန်း၌ ရှင်သာမဏေ တစ်ပါးတို့အား တာဝန်ရှိသူများက ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကမာရွတ်မြို့နယ်လုံးဆိုင်ရာ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ (စာအောင်ဂုဏ်ပြုဆု)စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၈**

ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ မတ် ၂၆ ရက်တွင် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြင့်သူက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ထို့နောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဓမ္မာစရိယ ကျမ်းပြီး သံဃာတော်များ၊ စာအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် ဝတ္ထုငွေ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရေတာရှည် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကံမြင့်ကျောင်းတိုက် မြင့်မိုရ်ပရိယတ္တိဗိမာန်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သုန္ဒရထံမှ ငါးပါးသီလခံယူပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာတော် ၁၉ ပါးအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သံဃာတော်များအား ဂုဏ်ပြုအောင်လက်မှတ်နှင့် အောင်ဆုအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**မတ္တရာ မတ် ၂၈**

မန္တလေး တိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင် သံဃာတော်များ အောင်လက်မှတ်များ ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မတ္တရာမြို့နယ် အောင်မြေသုခကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အောင်ကံသာ ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မုန်စီကျောင်းဆရာတော်အား နိုင်ငံတော်မှ ဆက်ကပ်ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ထပ်ဆင့်ပေးအပ် ချီးမြှင့်သော ဂုဏ်ပြု ဘွဲ့တံဆိပ်တော်များနှင့် အလှူငွေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းတို့က ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်မှူးကြီး ဝင်းမင်းလတ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဓမ္မာစရိယအောင် စာချဆရာတော် သုံးပါး၊ ပထမကြီးတန်းအောင် လေးပါး၊ ပထမလတ်တန်းအောင် နှစ်ပါး၊ ပထမငယ်တန်းအောင်ငါးပါးနှင့် အခြေပြုမူလတန်းအောင် ရှစ်ပါး စုစုပေါင်း ရဟန်း/သာမဏေ ၂၂ ပါးတို့အား အောင်လက်မှတ်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များအား ဝတ္ထုငွေများ ကပ်လှူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ်ချီးမြှင့်တော်မူပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောက်တံတားကျောင်းဆရာတော်က ဩဝါဒကထာနှင့် ရေစက်ချအနုမောဒနာတရား ဟောကြားသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

# ကရင်ပြည်နယ် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့သို့ ဓာတ်အားပြည်လည်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် မတ် ၂၈**

ကရင်ပြည်နယ် ၂၃၀ ကေဗွီ သဃံန်းညီနောင် (မြဝတီ)ဓာတ်အားခွဲရုံမှ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ မြဝတီ-ကော့ကရိတ်ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၄၅၊ ၄၆၊ ၄၇) တို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးခံရခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့အပါအဝင် ကျေးရွာများ ဓာတ်အားပြတ်တောက်ခဲ့သည်။

ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့သို့ သွယ်တန်းထားသည့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်အား ကော့ကရိတ်ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ကျုံဒိုးမြို့လျှပ်စစ်မှုးရုံးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းအင်အား ၁၄ ဦးတို့ဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၄ ရက်တွင် ဓာတ်အားလိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းပြတ်တောက်ခဲ့သည့် ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့ကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဘားအံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီ(၁၀)အမ်ဗွီအေ မိသရောင်ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းမိုင် ၄၀ ခန့်ကို ပြန်လည်ပြုပြင်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျုံဒိုးမြို့ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက် ပထမအဆင့်အနေဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၁၁ ကေဗွီ ကျုံဒိုး-ကော့ကရိတ်ဓာတ်အားလိုင်း ၁၆ မိုင်ကို လိုအပ်သော စစ်ဆေးစမ်းသပ်မှုများပြုလုပ်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျုံဒိုးမြို့မှ တံတားကျိုးစစ်ဆေးရေးဂိတ်အထိနှင့် ကော့ကရိတ်ဓာတ်အားခွဲရုံသို့ အဆင့်ဆင့်ဓာတ်အားစတင်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကော့ကရိတ်ဓာတ်အားခွဲရုံမှတစ်ဆင့် ကော့ကရိတ်မြို့ပေါ်ရှိ အရေးကြီးနေရာများ၊ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် အများပြည်သူနေအိမ်များကို လိုအပ်သော ဓာတ်အားလိုင်းစစ်ဆေးပြုပြင်မှုများ ဆောင်ရွက်ပြီး တစ်ဆင့်ချင်း ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**
















ကရင်ပြည်နယ်ရှိ ၁၁ ကေဗွီ ကျုံဒိုး-ကော့ကရိတ် ဓာတ်အားလိုင်းတစ်လျှောက် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုများကို တွေ့ရစဉ်။

# (၁၀၈) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၈**

တောင်သူများ ကြုံတွေ့နေကြရသော လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများကိုနှီးနှော ဖလှယ်နိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသော အခက်အခဲ ပြဿနာများအား ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ညှိနှိုင်းအဖြေရှာနိုင်စေရန် ရည်ရွယ်ကျင်းပသည့် (၁၀၈)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့တွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူကြီးများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို လုံလောက်စွာသုံးစွဲနိုင်ကြစေရန် မိမိတို့ကိုယ်တိုင် မျိုးစေ့ထုတ်သည့်ကဏ္ဍတွင် ပါဝင်ကြရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကိုရရှိစေရန် လောင်စာဆီအသုံးပြုရသည့် စက်အင်အားကို ထိရောက်အောင်သုံးစွဲပြီး စက်ဖြင့်ဆောင်ရွက်၍ မရနိုင်သော အနုစိတ်လုပ်ငန်းများကို တိရစ္ဆာန်အင်းအားဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မြေကြီးတွင် မျှတသည့် ရေနှင့်လေရှိရန်လိုအပ်ကြောင်း၊ ရေကိုလှောင်၍ ရေဝပ်အောင်ထားပြီး မြေပြင်သည့်နည်းသည် မီသိန်းဓာတ်များထွက်ရှိနိုင်သည့်အတွက် ထွန်ရေးညက်မှ ရေသွင်း၍ လယ်လူးခြင်း ပြုလုပ်ရန်၊ တောင်ယာများ မီးမရှို့ကြရန်၊ သဘာဝပျားများ မဖွတ်ကြရန်၊ လူစာ၊ တိရစ္ဆာန်စာ၊ မြေစာ၊ ပျားစာပင်များနှင့် အရင်းကျေသီးနှံများဖြစ်သော ဟင်းသီးဟင်းရွက်ကို ကွက်လပ်မကျန် ကန်သင်းရိုးတွင် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း တောင်သူကြီးများ၏ လိုအပ်ချက်ကို အခြေခံသည့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရန် မရိတ်သိမ်းခင် အပင်ရေ ပြည့်၊ မပြည့် ပြန်လည်စစ်ဆေးခြင်း၊ အသုံးချသုတေသနကို ပြန်လည်ဖွံ့စည်း ဆောင်ရွက်ခြင်းနှင့် ၂၀၂၆-၂၀၂၇ တွင် "မြေဆီဩဇာရှင်သန်ထက်မြက်ရေး စီမံကိန်း" ကို ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများအနေဖြင့် စိုက်ပျိုးပညာပေးရေးနှင့် နည်းပညာပြန့်ပွားရေး ဘာသာရပ်နှင့် ပတ်သက်၍ သေချာစွာသင်ကြားမှုပေးခြင်း၊ ပညာရှင်များအနေဖြင့် မိမိတို့သိထား တတ်ထားသည်များကို တောင်သူများ နားလည်အောင်ပြောရန် များစွာအရေးကြီးကြောင်း၊ စိုက်ပျိုးပညာပေးအနေဖြင့် တောင်သူလယ်သမား လက်စွဲစာစဉ်များ၊ သက်ကြီးဖတ်စာများနှင့် လက်ကမ်းစာစောင်များ ရေးသားထုတ်ဝေရန်လိုအပ်ကြောင်း၊ AI နှင့် မိုဘိုင်းနည်းပညာကို ထိရောက်စွာသုံးစွဲခြင်းနှင့် တောင်သူလယ်သမားများပါဝင်သော သုတေသနများ ပြုလုပ်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ တိုင်းဒေသကြီးပြည်နယ်များမှ အွန်လိုင်းဖြင့် တက်ရောက်နေသော ပညာရှင်များက ရေသွင်း၊ ရေခမ်းစနစ်၊ သီးနှံကာကွယ်ရေး၊ အိမ်ခြံဝင်းဥယျာဉ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး၊ အဝါရောင်မှိုစိမ့်ရောဂါဒဏ်ခံနိုင်သော မျိုးများရွေးချယ်စိုက်ပျိုးရန်၊ နေကြာသီးနှံ၊ စပ်မျိုးပြောင်းသုတေသန၊ စပါးသီးနှံနှင့် ပတ်သက်၍ စပါးမျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းနှင့် တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးစေ့ထုတ် လုပ်ငန်းများ၊ မျိုးရွေးချယ်ခြင်းလုပ်ငန်းများ၊ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး အထွက်ကောင်းဗီဇများထည့်သွင်းထားသော ရေဆင်းပေါ်ဆန်း(၁)၊ ပေါ်ဆန်း(၂)၊ တောင်သူများအား လူထုဆက်သွယ်ရေးမီဒီယာကိုအသုံးပြု၍ နည်းပညာဖြန့်ဝေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများနှင့် ဆရာ ဆရာမများ တက်ရောက်ကြပြီး တိုင်းဒေသကြီးပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၂၄၈ ဦးတို့က zoom point (၁၀၀)မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## တန့်ယန်းမြို့နယ်တွင် သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်းမှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တန့်ယန်း မတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ဒေသခံပြည်သူများ အသုံးပြုလျက်ရှိသော နမ့်ဟူးလွယ်ကာကျေးရွာအုပ်စု နမ့်ဟူးသဘာဝရေထွက်တော ၁၂ ဧက၌ သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်းကာကွယ်နိုင်စေရန် ဆိုင်းဘုတ်စိုက်ထူခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်းကာကွယ်နိုင်စေရန် သဘာဝရေထိန်းတောဧရိယာသတ်မှတ်ခြင်း၊ တည်နေရာမြေပုံသတ်မှတ်ခြင်း၊ ဥပဒေပါတားမြစ်ချက်ဆိုင်းဘုတ်စိုက်ထူခြင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအိုက်ပေါင်းအောင်က ရေထွက်တောနှင့်ပတ်သက်သော အချက်အလက်များ၊ ဥပဒေတားမြစ်ချက်များအား ရှင်းလင်းပြောကြားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးရွာရေထွက်တောကော်မတီဝင်များ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပွင့်ဖြူမြို့နယ်၌ ငှက်ပျောစိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိ၍ လုပ်ငန်းအဆင်ပြေ

**ပွင့်ဖြူ မတ် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ငှက်ပျောဈေးကောင်းရရှိနေသည့် အတွက် ငှက်ပျောစိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ ဆီထွက်သီးနှံစုံ၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများက မိသားစုဝင်ငွေ တိုးပွားရေးအတွက် စိုက်ပျိုးရေးကို အကျိုးရှိစွာအသုံးချပြီး ငှက်ပျော၊ သင်္ဘော၊ ပိန္နဲ၊ သရက်စသည့် သစ်သီးဝလံစိုက်ပျိုးရေးကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပေါက်ခေါင်းမြို့နယ်၌ ပေါ်ဆန်းမွှေးစပါးမျိုးများဖြစ်သည့် ရေဆင်းပေါ်ဆန်း (၁)၊ (၂) စပါးမျိုးများ စိုက်ပျိုးထားရှိ

**ပေါက်ခေါင်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမွှေးမျိုးများ လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးများအား မျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို မြို့နယ်အတွင်း၌ ဆောင်ရွက်ထားကြောင်း ယမန်နေ့ကသိရသည်။



### မျိုးစေ့ထုတ်စိုက်ပျိုးထား

ထိုသို့စိုက်ပျိုးရာတွင် ရေဆင်းပေါ်ဆန်း(၁) စပါးမျိုးအား ဝက်တိုးအုပ်စု တောင်သူဦးခိုင်ထူး၏လယ်တွင် သုည ဒသမ ၅ ဧက၊ မြို့မအုပ်စု တောင်သူဦးမင်းသူ၏လယ်တွင် သုည ဒသမ ၅ ဧက စိုက်ပျိုးထားရှိပြီး ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးအား ဝက်တိုးအုပ်စု တောင်သူဦးသိန်းဦး၏လယ်တွင်တစ်ဧက၊ ရပ်သစ်အုပ်စု တောင်သူဦးကျော်လွင်၏လယ်တွင် နှစ်ဧက၊ ရပ်သစ်အုပ်စု တောင်သူဦးမြင့်ခိုင်၏လယ်တွင် နှစ်ဧက စိုက်ပျိုးထားရှိကာ ရေဆင်းပေါ်ဆန်း(၁) တစ်ဧကနှင့် ရေဆင်းပေါ်ဆန်း (၂) ငါးဧက စုစုပေါင်းခြောက်ဧကကို မျိုးစေ့ထုတ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

၎င်းမျိုးစေ့ထုတ်စိုက်ခင်းများမှရရှိသော ရေဆင်းပေါ်ဆန်း (၁) နှင့် (၂) စပါးမျိုးများအား လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီတွင် လျာထားစိုက်ပျိုးမည့်ရေဆင်းပေါ်ဆန်း(၁) ၂၇ ဧက၊ ရေဆင်းပေါ်ဆန်း(၂) ၂၈ ဧကနှင့် ပုသိမ်ပေါ်ဆန်းမွှေး ဧက ၁၄၀ စုစုပေါင်း ၁၉၅ ဧကတိုးချဲ့၍ ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီက နွိုင်ဒါ နိုင်ငံတကာလေဆိပ် ယနေ့ ဖွင့်လှစ်

**နယူးဒေလီ မတ် ၂၈**

အိန္ဒိယ ဝန်ကြီးချုပ် မိုဒီက လူဦးရေအများဆုံး ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂျီဝါမြို့ရှိ နွိုင်ဒါ နိုင်ငံတကာလေဆိပ်ကို ယနေ့ ဖွင့်လှစ်ခဲ့သည်။

နိုင်ငံ၏ လေကြောင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ချဲ့ထွင်ရန် တွန်းအားပေးမှု တစ်စိတ်တစ်ပိုင်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နွိုင်ဒါအပြည်ပြည်ဆိုင်ရာလေဆိပ်သည် နယူးဒေလီမြို့တော်မှ ၇၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

တစ်နှစ်လျှင် ခရီးသည် ၁၂ သန်းကို ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ခရီးသည် သန်း ၇၀ အထိ တိုးလာနိုင်ဖွယ်ရှိသည်။

အချိန်နှင့်အမျှ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့်အတူ ကုန်တင်ကုန်ချလုပ်ငန်းများကိုလည်း ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်သည်။

အိန္ဒိယ၏ လျင်မြန်စွာ ကြီးထွားတိုးတက်နေသော စီးပွားရေးနှင့် ၎င်း၏ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိခြင်းအတူ ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားများ အပါအဝင် ကမ္ဘာ့စတုတ္ထအကြီးဆုံး လေကြောင်းဈေးကွက်ဖြစ်လာရန် ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်သည်။




လေဆိပ်သည် ပိုမိုကျယ်ပြန့်သော ဒေလီဒေသသို့ တံခါးပေါက်တစ်ခုဖြစ်လာရန် မျှော်လင့်ကြောင်းနှင့် အပြည့်အဝလည်ပတ်ပြီးသည်နှင့် နှစ်မိနစ်တိုင်း လေကြောင်းပျံသန်းမှုတစ်ခု ထွက်ပေါ်လာမည်ဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

လေဆိပ်ပေါ်ထွက်လာခြင်းကြောင့် လယ်သမားများ၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်ပြီး အနောက်ဥတ္တရပရာဒေ့ရှ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်းလည်း မိုဒီက ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့် အဆိုပါလေဆိပ်သည် ၎င်းနှင့် ၁၅ ကီလိုမီတာအကွာရှိ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေကြောင်းလုပ်ငန်းစဉ်များကို ဖြည့်စွက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

လေဆိပ်နှစ်ခုကို ပေါင်းစည်းထားသော လေကြောင်းစနစ်တစ်ခုအနေဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်း၊ ခရီးသည်ပမာဏကို ပိုမိုများပြားစွာဝန်ဆောင်မှုပေးခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လေကြောင်းအချက်အချာနေရာများကြားတွင် ဒေလီ NCR (National Capital Region) အဖြစ် တည်ရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

မိုဒီသည် ၂၀၁၄ ခုနှစ်တွင် အာဏာရလာချိန်မှစ၍ လေကြောင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ဆောင်ခဲ့ပြီး မြို့ငယ်များအကြား လေကြောင်းဆက်သွယ်မှု မြှင့်တင်ရန် တွန်းအားပေးလုပ်ဆောင်ခဲ့သည်။

လေဆိပ်အရေအတွက်သည် ၂၀၁၄ ခုနှစ်တွင် ၇၄ ခုရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၁၅၇ ခုအထိ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နှစ်ဆကျော်တိုးလာခဲ့ကြောင်း လေကြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ကုလသမဂ္ဂရဲအရာရှိများအတွက် လေ့ကျင့်ရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနား နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပ

**ကုလသမဂ္ဂ မတ် ၂၈**

ကုလသမဂ္ဂရဲအရာရှိများအတွက် လေ့ကျင့်ရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ယမန်နေ့က ကျင်းပခဲ့သည်။

ကင်ညာနှင့် ကင်မရွန်းအပါအဝင် နိုင်ငံရှစ်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။


**ကူညီထောက်ပံ့**

အဆိုပါအစီအစဉ်ကို ဂျပန်နိုင်ငံက ငွေကြေးကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။

ကုလသမဂ္ဂရဲအရာရှိများသည် ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု စစ်ဆင်ရေးများဆောင်ရွက်ရာတွင် ပါဝင်ကြမည်ဖြစ်သည်။

လက်ရှိတွင် ကုလသမဂ္ဂ၏ စစ်ဆင်ရေးများကို ပံ့ပိုးကူညီရန် နိုင်ငံအသီးသီးမှ ရဲအရာရှိ ၅၀၀၀ ခန့်ကို တပ်ဖြန့်ထားသည်။ ၎င်းတို့တွင် တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ရွေးကောက်ပွဲတွင် ပါဝင်ကူညီမှုများ ပါဝင်သည်။

မပေါက်ကွဲသေးသောလက်နက်များကဲ့သို့သော ဖောက်ခွဲရေးပစ္စည်းများကို ရှောင်ရှားနည်းနှင့် လက်နက်ခဲယမ်းမီးကျောက်များ စီမံခန့်ခွဲမှုတို့ကို လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ထည့်သွင်းလေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။



လေ့ကျင့်ရေးသင်တန်းများကို ယခုနှစ် ဒုတိယနှစ်ဝက်တွင် အာဖရိကမြောက်ပိုင်းရှိ တူနီးရှားနှင့် အခြားနေရာများတွင် ပြုလုပ်ရန် စီစဉ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




## လာမည့်ဧပြီလမှစတင်၍ ဂျပန်နိုင်ငံသားဖြစ်ရန် ၁၀ နှစ်အထက် နေထိုင်ရန်လိုအပ်မည်

**တိုကျို မတ် ၂၈**

ဂျပန်အစိုးရသည် နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ လိုအပ်ချက်များကို ပိုမိုတင်းကျပ်ထားသည့်အတွက် လာမည့်ဧပြီလမှစတင်၍ ဂျပန်နိုင်ငံသားဖြစ်ရန် ၁၀ နှစ်အထက် နေထိုင်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ နိုင်ငံခြားသားများသည် ဂျပန်နိုင်ငံ၌ အနည်းဆုံး ၁၀ နှစ်နေထိုင်ပြီး လူမှုအသိုင်းအဝိုင်းတွင် ကောင်းမွန်စွာ ပေါင်းစည်းနေထိုင်ရမည်ဖြစ်ကြောင်း တရားရေးဝန်ကြီး ဟီရာဂူချီ ဟီရိုရှိက သတင်းထောက်များကို ယမန်နေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရက နိုင်ငံသားဖြစ်ခွင့်လျှောက်ထားသူများ၏ အကျင့်စာရိတ္တကောင်းမွန်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မှုကို အတည်ပြုရန် အခွန်ပေးဆောင်မှု စစ်ဆေးသည့်ကာလကိုလည်း တိုးချဲ့မည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စည်းမျဉ်းအသစ်အရ အစိုးရက တင်းကျပ်စွာစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အီရတ် မြို့ပြလေကြောင်းအာဏာပိုင်များက လေကြောင်းပိုင်နက် ပိတ်ထားမှု နောက်ထပ် ၇၂ နာရီ သက်တမ်းတိုး

**ဘဂ္ဂဒက် မတ် ၂၈**

အီရတ် မြို့ပြလေကြောင်း အာဏာပိုင်များက နိုင်ငံအတွင်းရှိ လေကြောင်းပိုင်နက် ပိတ်ထားမှုကို နောက်ထပ် ၇၂ နာရီ သက်တမ်းတိုးလိုက်ကြောင်း ယနေ့ ကြေညာခဲ့သည်။

အဆိုပါ သက်တမ်းတိုးခြင်းကို မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ စတင်၍ သက်တမ်းတိုးမည်ဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေကြောင်းပိုင်နက် ပိတ်ထားမှု ဆုံးဖြတ်ချက်သည် လုံခြုံရေးအခြေအနေနှင့် ဒေသဆိုင်ရာ အခြေအနေများတွင် ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ် အကဲဖြတ်မှုအပေါ် အခြေခံ၍ ယာယီကြိုတင်ကာကွယ်မှု ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နောက်ဆုံးရသတင်း အချက်အလက်များကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး လေကြောင်းလိုင်းများနှင့် သက်ဆိုင်ရာအေဂျင်စီအားလုံးကို အကြောင်းကြားမည်ဖြစ်ကြောင်း အာဏာပိုင်များက မှတ်ချက်ပြုပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခများ ပိုမိုမြင့်တက်လာချိန်တွင် လေကြောင်းပိုင်နက် ပိတ်ထားမှု သက်တမ်းတိုးခြင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# နှလုံးလှပညာ

ဦးမင်းဦး(မဟာပညာရေး)

**နွေရာသီကျောင်းပိတ်ရက်ရှည်သည် ကျောင်းသားလူငယ်များအတွက် အားလပ်ရက်ဖြစ်သကဲ့သို့ မိမိတို့၏ဘဝအတွက် အဖိုးတန်သည့် အသိပညာနှင့် ယဉ်ကျေးမှုအစဉ်အလာများကိုဆည်းပူးရန် အကောင်းဆုံးအချိန်လည်းဖြစ်သည်။**

ခေတ်သစ်လူငယ်များအား ဗုဒ္ဓ၏အဆုံးအမများဖြင့် စိတ်ဓာတ်ခွန်အားဖြည့်တင်းပေးရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန် ရည်ရွယ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်အသီးသီးတွင် "နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ" ကို အောင်မြင်စွာ ဖွင့်လှစ်ကျင်းပလျက်ရှိသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အခြေခံသည် **ကိုယ်ကျင့်သီလ** ဖြစ်သည်။

နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများသည် ကျောင်းသားလူငယ်များ၏ နှလုံးသားတွင် "အသိပညာနှင့် သီလ" မျိုးစေ့များ ချပေးခြင်းဖြစ်သည်။ ထိုမျိုးစေ့များမှ ကြီးထွားလာသော သစ်ပင်ကြီးများသည် နောင်တစ်ချိန်တွင် မိသားစုအတွက်အားကိုးထိုက်သူ၊ တိုင်းပြည်အတွက်အဖိုးတန်သော သားကောင်းသမီးရတနာများ ဖြစ်လာမည်မှာ မလွဲကေန်ဖြစ်သည်။

"ပညာရှိမှ ပွဲလယ်တင့်မည်" ဆိုသည့်နည်းတူ "ယဉ်ကျေးမှုရှိမှ လူမျိုးတင့်တယ်မည်" ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများသည် လူငယ်လူရွယ်များကို အသိပညာ၊ အတတ်ပညာသာမက "နှလုံးလှပညာ" ပြည့်စုံသူများဖြစ်အောင်ပါ ပျိုးထောင်ပေးခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများအား နွေရာသီအထူးသင်တန်းအနေဖြင့် သင်ကြားခြင်း၊ ဖြေဆိုခြင်းများ ပြုလုပ်ဆောင်ရွက်ခြင်းသည် ကျောင်းစာနှင့် ဘာသာရေးအသိပညာကြားတွင် ကောင်းမွန်သောမျှခြေတစ်ခုကို ဖြစ်စေသည်။

ကျောင်းသင်ရိုးညွှန်းတမ်းမဟုတ်သည့်အတွက် ကလေးများအနေဖြင့် အမှတ်ရဖို့ထက် အသိပညာရဖို့အတွက် ပို၍ ဖိအားကင်းကင်းဖြင့် စိတ်အေးလက်အေးလေ့လာနိုင်သည်။ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများတွင် သွားရောက်လေ့လာ သင်ယူရခြင်းဖြစ်သည့်အတွက် စာသင်ခန်းပုံစံခွက်ထက် ပတ်ဝန်းကျင်အသစ်၌ အမှန်တကယ်လက်တွေ့ကျသော ယဉ်ကျေးမှုဓလေ့များကို မြင်တွေ့ခွင့်ရမည်ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပတ်ဝန်းကျင်တွင် စာသင်ရသဖြင့် လှူဒါန်းခြင်း၊ ဝေယျာဝစ္စဆောင်ရွက်ခြင်းတို့နှင့် ရင်းနှီးလာကာ ပတ်ဝန်းကျင်အပေါ် စာနာစိတ်၊ ကူညီလိုစိတ်နှင့် သဒ္ဓါတရားများ ယိုဖိတ်လာမည်ဖြစ်သည်။

နေရပ်အသီးသီးမှကလေးများ စုဝေးမိသည့်အတွက် လူမှုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာပြီး အချင်းချင်းရိုင်းပင်းကူညီတတ်သော စိတ်ဓာတ်များ ပိုမိုရှင်သန်လာစေသည်။ သင်တန်းတွင် သူငယ်ချင်းအသစ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရသဖြင့် ပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်လာပြီး အသင်းအဖွဲ့ဖြင့် နေထိုင်တတ်လာသည်။ ဗုဒ္ဓဘာသာ၏ အခြေခံမူများဖြစ်သည့် မေတ္တာ၊ ကရုဏာတို့ကို သင်ယူရခြင်းကြောင့် အချင်းချင်းခိုက်ရန်ဖြစ်ပွားမှုများ လျော့နည်းပြီး ပိုမိုစည်းလုံးချစ်ခင်လာကြသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အနှစ်သာရမှာ **"ကိုယ်၊ နှုတ်၊ စိတ်"** သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့ပြီး သူတစ်ပါးကို မထိခိုက်စေရန် စောင့်ထိန်းခြင်းဖြစ်သည်။ ထို့အပြင် "မိမိကြောင့် သူတစ်ပါး စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း မဖြစ်စေရ" ဟူသည့် စိတ်ထားကို အခြေခံထားသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို သင်ကြားပို့ချပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများမှာ ဘာသာရေးရှုထောင့်သာမက လူမှုရေးနှင့် စာရိတ္တပိုင်းဆိုင်ရာအတွက်ပါ များစွာထိရောက်မှုရှိသည်။

အဓိကရရှိမည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်သည် -


**၁။ ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင်ခိုင်မာခြင်း**

လူငယ်များအနေဖြင့် ငါးပါးသီလနှင့် ဟီရိဩတ္တပ္ပ (အရှက်အကြောက်) တရားများကို ငယ်စဉ်ကတည်းက နားလည်သဘောပေါက်သွားသည့်အတွက် မကောင်းမှုရှောင်ပြီး ကောင်းမှုဆောင်လိုစိတ်များ ဖြစ်ပေါ်လာစေသည်။ ၎င်းသည် နိုင်ငံတော်အတွက် အကျင့်စာရိတ္တကောင်းမွန်သော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် အခြေခံအုတ်မြစ်ဖြစ်သည်။

**၂။ ရိုသေလေးစားမှုနှင့်ယဉ်ကျေးပျူငှာမှု**

ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုများဖြစ်သော ဘုရားကျောင်းကန်သွားသည့်အခါ ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီစွာ လုံလုံခြုံခြုံဝတ်စားဆင်ယင်ခြင်း၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် သာသနိကအဆောက်အအုံများအတွင်းသို့မဝင်မီ ဖိနပ်၊ ခြေအိတ်များကိုချွတ်ခြင်း၊ ဘုရားရင်ပြင်ပေါ်တွင် ဆူညံစွာမပြောဆိုခြင်း၊ ကျယ်လောင်စွာ မရယ်မောခြင်းစသည့် ဣန္ဒြေစောင့်ထိန်းခြင်းနှင့် ရဟန်းသံဃာများ သို့မဟုတ် လူကြီးသူမများထက် မြင့်သောနေရာတွင်မထိုင်ခြင်း စသော ယဉ်ကျေးမှုများကိုလည်း ရိုသေလေးစားလိုက်နာကျင့်သုံးတတ်စေသည်။

မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သော လူကြီးမိဘ၊ ဆရာသမားများကို ရိုသေခြင်း၊ အကြီးအကဲကို အရိုအသေပေးခြင်းနှင့် နှုတ်အမူအရာ၊ ကိုယ်အမူအရာ ယဉ်ကျေးခြင်းများကို လက်တွေ့



မြိတ်မြို့၌ဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုဆင့်ပွားသင်တန်းသို့ တက်ရောက်သင်ကြားကြသည့် လူငယ်မောင်မယ်များကို တွေ့ရစဉ်။

**"လူငယ်များအနေဖြင့် ငါးပါးသီလနှင့် ဟီရိဩတ္တပ္ပ (အရှက်အကြောက်) တရားများကို ငယ်စဉ်ကတည်းက နားလည်သဘောပေါက်သွားသည့်အတွက် မကောင်းမှုရှောင်ပြီး ကောင်းမှုဆောင်လိုစိတ်များ ဖြစ်ပေါ်လာစေသည်။ မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သော လူကြီးမိဘ၊ ဆရာသမားများကို ရိုသေခြင်း၊ အကြီးအကဲကို အရိုအသေပေးခြင်းနှင့် နှုတ်အမူအရာ၊ ကိုယ်အမူအရာယဉ်ကျေးခြင်းများကို လက်တွေ့ကျင့်သုံးတတ်လာ"**

ကျင့်သုံးတတ်လာစေသည်။ (၃၈) ဖြာ မင်္ဂလာတရားတော်လာ **"ဂါရဝေါစ နိဝါတောစ"** (ရိုသေထိုက်သူကို ရိုသေခြင်း၊ နှိမ့်ချစွာ ဆက်ဆံခြင်း) တရားများကို လူမှုဘဝတွင် အသုံးချတတ်လာမည်ဖြစ်သည်။

မိဘ၊ ဆရာသမား၊ လူကြီးသူမများနှင့်ဆက်ဆံရာတွင် လိုက်နာရမည့်ကျင့်ဝတ်များကို သင်ယူရသဖြင့် ယဉ်ကျေးသိမ်မွေ့လာကာ ရိုသေကိုင်းညွတ်တတ်လာပြီး မင်္ဂလာတရားတော်ပါအချက်များကိုလည်းလက်တွေ့လိုက်နာတတ်လာသည်။

**၃။ စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်းနှင့် စိတ်တည်ငြိမ်ခြင်း**

အခြေခံတရားထိုင်နည်း (မေတ္တာဘာဝနာ၊ အာနာပါန) များကို လေ့ကျင့်ရသဖြင့် ကလေးငယ်များ၏စိတ်သည် ပိုမိုတည်ငြိမ်လာပြီး စိတ်တို၊ စိတ်ဆိုးခြင်း လျော့နည်းသွားသည်။

အခြေခံသမထနှင့် ဝိပဿနာတရားများ၊ အဘိဓမ္မာသဘောတရားများကို သင်ယူခြင်းဖြင့်-

- မိမိ၏ စိတ်လှုပ်ရှားမှု (Emotions) များကို ထိန်းချုပ်နိုင်ခြင်း။
- ခွင့်လွှတ်ခြင်းနှင့် မေတ္တာထားခြင်းတို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေစွာနေထိုင်တတ်ခြင်း။
- ပညာသင်ကြားရာတွင် စိတ်ပါဝင်စားမှု (Concentration) ပိုမိုကောင်းမွန်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်။

**၄။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ဗုဒ္ဓဝင်နှင့် သာသနာ့သမိုင်းများကိုသင်ယူရသဖြင့် မိမိတို့၏ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအစဉ်အလာများကို တန်ဖိုးထားမြတ်နိုးတတ်လာပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းလိုစိတ်များ ကိန်းအောင်းလာစေမည်ဖြစ်သည်။

**၅။ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်း**

ကံ၊ ကံ၏အကျိုးကို နားလည်ခြင်းဖြင့် မိမိပြုလုပ်လိုက်သော အပြုအမူတိုင်းသည် မိမိထံသို့ ပြန်လာမည်ကို သိရှိသွားသည့်အတွက် အမှားနှင့်အမှန်ကို ကိုယ်တိုင်ဝေဖန်ပိုင်းခြားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လူငယ်များဖြစ်လာနိုင်စေသည်။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (Mental Development) အဖြစ် ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်မြင့်တင်နိုင်ပြီး (၃၈) ဖြာ မင်္ဂလာတရားတော်များနှင့် ဗုဒ္ဓ၏အဆုံးအမများကို လေ့လာခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သော၊ မိဘဘိုးဘွားများကို ရိုသေတတ်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် အခြေခံအုတ်မြစ်ချပေးနိုင်မည်ဖြစ်သည်။ တရားဘာဝနာပွားများခြင်း (Meditation) သည် ကလေးငယ်များ၏ စိတ်ကိုတည်ငြိမ်စေပြီး အာရုံစူးစိုက်မှု ကောင်းမွန်စေကာ မိမိကိုယ်မိမိထိန်းကျောင်းနိုင်စွမ်း (Self-control) ကို တိုးတက်စေသည်။

ဗုဒ္ဓဘာသာ၏ "အနိစ္စ" (မမြဲခြင်း) သဘောတရားများကို နားလည်ခြင်းဖြင့် ခက်ခဲသောစိတ်ခံစားချက်များကို ရင်ဆိုင်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်မှု (Mental Resilience) ရရှိစေပြီး စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများကို လျှော့ချပေးသည်။ အင်တာနက်နှင့် လူမှုကွန်ရက်များ၏ အာရုံပျံ့လွင့်မှုများကြားမှ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရရှိစေရန် လမ်းညွှန်ပေးသကဲ့သို့ မှားယွင်းသောလမ်းကြောင်းများမှလည်း ကာကွယ်ပေးသည်။

ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (Physical & Social Development) များအဖြစ် စည်းကမ်းရှိသောနေထိုင်မှုအတွက် စနစ်တကျရှိခိုးခြင်း၊ ဝတ်ပြုခြင်းနှင့် အစုအဖွဲ့အတွင်း နေထိုင်ခြင်းတို့မှတစ်ဆင့် ကိုယ်နှုတ်နှလုံးစည်းကမ်းရှိမှု (Discipline) ကို လေ့ကျင့်ပေးသည်။ ယဉ်ကျေးပျူငှာမှုနှင့် လူမှုဆက်ဆံရေးအနေဖြင့် သူတစ်ပါးအပေါ် စာနာထောက်ထားခြင်း (Empathy) နှင့် ယဉ်ကျေးစွာဆက်ဆံတတ်ခြင်း (Politeness) တို့ကို သင်ယူရသဖြင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေ နေထိုင်တတ်စေသည်။

စာမျက်နှာ ၁၅ သို့ ❐

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းများဖွင့်လှစ်နေမှု သွားရောက်အားပေး

**လွိုင်ကော် မတ် ၂၈**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ၂၀၂၆ ခုနှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းများဖွင့်လှစ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောဓမ္မသို့သွားရောက်၍ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် သင်တန်းမှရရှိသည့် အသိအလိမ္မာများကို မိမိပတ်ဝန်းကျင်ရှိ မိတ်ဆွေ၊ သူငယ်ချင်း၊ မိသားစုများထံ မျှဝေစေလိုကြောင်း၊ လူငယ်မောင်မယ်များအနေဖြင့်



အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်သည့် အမျိုးကောင်းသားသမီးများဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ချီးမြှင့်ငွေများပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နွေရာသီအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ချီးမြှင့်ငွေများပေးအပ်ရာ သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ပြည်သူ့စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပန်းချီသင်တန်းကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ချီးမြှင့်ငွေများပေးအပ်ရာ သင်တန်းသူကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူ၍ ခရိုင်ရုံးအတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ကလေးစာဖတ်ခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် နွေရာသီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ရှေးဦးပြုစုခြင်း (First Aid)သည် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ရုတ်တရက်ဖျားနာခြင်းများကြုံလာရသည့်အခါတွင်ဆေးရုံ၊ ဆေးခန်းနှင့် ဆရာဝန်ဆီမရောက်ခင်ရရှိလာသည့် ပစ္စည်းကိရိယာများနှင့် အရေးပေါ်ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ကြောင်း၊ အသက်အန္တရာယ်နှင့် နီးကပ်ချိန်တွင် ရှေးဦးပြုစုပေးခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ရှေးဦးပြုစုသူ တစ်ယောက်အနေဖြင့် အရေးပေါ်ကြုံတွေ့ရသည့် အခြေအနေတွင် စိတ်တည်ငြိမ်မှုရှိစွာ လုပ်ဆောင်နိုင်ခြင်း၊ အချိန်နှင့်အမျှ အရေးကြီးနေသည့်အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်ပြီး လျင်မြန် ဖျက်လတ်မှုရှိခြင်း၊ အန္တရာယ်ဖြစ်ပေါ်နေသည့် လူနာကို စိတ်ပိုင်းဆိုင်ရာအရ အားပေးနှစ်သိမ့်ကူညီလိုစိတ်ရှိခြင်း စသည့် အရည်အချင်းများရှိရန် လိုအပ်ကြောင်း။

ယခုသင်တန်းသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် မှန်ကန်သည့် ရှေးဦးပြုစုနည်းများကို သိထား၊ တတ်ထားမည်ဆိုလျှင် မိမိပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများတွင် မှန်ကန်သည့် ရှေးဦးပြုစုမှုနှင့် လူတစ်ဦး၊ တစ်ယောက်၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများကို ပိုမိုဆိုးရွားမလာအောင် ကြိုတင်တားဆီးကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ယခုသင်တန်းကရရှိလာမည့် အသိပညာနှင့် အတွေ့အကြုံများသည် လူမှုနယ်ပယ်နှင့် နေ့စဉ်ဘဝတွင် အမြဲတမ်း အသုံးဝင်နေမည်ဖြစ်ပြီး မိမိအတွက်သာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားပို့ချပေးမှုများကို သေသေချာချာ လေ့လာသင်ယူမှတ်သားပြီး နိုင်ငံအကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှသယ်ပိုးဆောင်ရွက်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားပြီး သုံးမြောင့်ပတ်တီး၊ ရှေးဦးပြုစုခြင်းစာအုပ်နှင့် လက်ကမ်းစာစောင်တို့ကို နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက ပေးအပ်ရာ နေပြည်တော်ပညာရေးမှူး ဒေါက်တာကျော်လွင်က လက်ခံရယူသည်။

အဆိုပါ ၂၀၂၆ ခုနှစ် နွေရာသီ ရှေးဦးပြုစုခြင်း သင်တန်းကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဆရာ ဆရာမများက ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ လူငယ်များကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၌ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ (၂၆)ကြိမ်မြောက် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကျင်းပ

**တိုက်ကြီး မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပုညရံသီမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တို့ ပူးပေါင်းဖွင့်လှစ်သော (၂၆)ကြိမ်မြောက် မူလတန်းနှင့် အလယ်တန်းအဆင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုညရံသီမဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည်။

ဦးစွာ ပုညရံသီမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဦးသောဘိတက သင်တန်းဆင်းဩဝါဒစကားမိန့်ကြားပြီး အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဗုဒ္ဓဝင်၊ ယဉ်ကျေးလိမ္မာနှင့် (၃၈)ဖြာမင်္ဂလာစာမေးပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆရာတော် ဦးသောဘိတနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❐ စာမျက်နှာ ၁၄ မှ

အချို့သော ဘုန်းတော်ကြီးသင်ကျောင်းများတွင် ကျန်းမာရေးမြှင့်တင်မှုအစီအစဉ်များ (ဥပမာ- အာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးစစ်ဆေးမှု) ကိုပါ ပူးတွဲလုပ်ဆောင်လေ့ရှိသဖြင့် ကျန်းမာရေးအသိပညာကိုလည်း တိုးပွားစေမည်ဖြစ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများသည် ကျောင်းသားလူငယ်များအား ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းတတ်စေရန်၊ အနန္တောအနန္တငါးပါး၏ဂုဏ်ကျေးဇူးတို့ကို သိတတ်စေရန်နှင့် လူသားဆန်စွာ ပြုမူနေထိုင်တတ်စေရန် သင်ကြားပြသပေးသည့် သင်တန်းများဖြစ်သည်။ အထူးသဖြင့် မိတ်ဆွေများ၊ ညီအစ်ကိုမောင်နှမများ၊ လူကြီးမိဘများ၊ ဆရာ ဆရာမများနှင့်ဆက်ဆံရာတွင် မည်သို့မည်ပုံပြုမူသင့်သည်ကို သင်ပြပေးခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်များမှ ဇာတ်တော်များကိုထုတ်နုတ်ဥပမာပေး၍ လောကလူ့ရွာကို ကောင်းကျိုးပြုတတ်စေရန် သင်ကြားပေးခြင်းဖြစ်သည်။

နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများသည် ကျောင်းသား လူငယ်များအတွက် အားလပ်ရက်ကို အကျိုးရှိရှိကုန်ဆုံးစေရုံသာမက ဘဝတစ်ခုလုံးအတွက်အရေးပါသော ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ခွန်အားအုတ်မြစ်များကိုချမှတ်ပေးပြီး ကျောင်းသား ကျောင်းသူများအား ပညာတတ်ရုံသာမက ဘာသာတရားကိုနားလည်ကာ ကိုယ်ကျင့်တရားကောင်းမွန်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသည့် အလွန်အဖိုးတန်သော သင်တန်းများဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား -

- နေ့စဉ်ထုတ်သတင်းစာများ။
- Reviving Ancient Indian Values — Study Buddhism. Dec. 6, 2020 — *Third are the values of ethical self-discipline, concentration and insight.* All teach disciplining our bodies and speech with et...
- Scholarly Research Journal for Interdisciplinary Studies. *BUDDHIST FIVE PRECEPTS: NECESSITY AND BENEFITS.* Yuzan. Sep 1, 2021 — We should observe five moral precepts steadfastly just as one keeps his lower garment tightly. A good Buddhist should remind…

၂၄ နာရီ Helpline ဝန်ဆောင်မှု
1566
တိုင်ကြားနိုင်သည့် ဖြစ်ရပ်များ
- ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
- အိမ်တွင်း အကြမ်းဖက်မှု
- သက်ငယ်မုဒိမ်းမှု
- ကျားမ အခြေပြုအကြမ်းဖက်မှု
- ကလေးသူငယ်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို ကိစ္စရပ်များ
တိုင်ကြားမှုများအား ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး အကူအညီပေးသွားမည်
တိုင်ကြားသူ၏ သတင်းအချက်အလက် မပေါက်ကြားစေရေးကို အထူးအလေးထား ကာကွယ်ပေးသွားပါမည်။

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မိတ္ထီလာမြို့၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မိတ္ထီလာ မတ် ၂၈

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး ဆောင်ရွက်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ မိတ္ထီလာမြို့ နဂါးရုံ မဟာဗောဓိစေတီတော် ပညာဓိက တန်ဆောင်းတွင် ပင့်သံဃာတော်ငါးပါးတို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မန္တလေး ငလျင်ကြီးကြောင့် ကွယ်လွန်ခဲ့ကြသူများအား ရည်စူး၍ ရေစက်ချအမျှပေးဝေခြင်းကို



ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး နှင့် ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်သည်။

ဆက်လက်၍ မန္တလေး ငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် ကယ်ဆယ်ရေး လုပ်ငန်းများ၌ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြသည့် မိတ္ထီလာ၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ဂုဏ်ပြု မှတ်တမ်းလွှာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ပံ့ပိုးပေးသည့် ကူညီကယ်ဆယ်ရေး အထောက်အကူပစ္စည်းများကို ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့များနှင့် ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး နှင့် ကော်မတီဝင်များ၊ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



## မင်းဘူးခရိုင်၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

မင်းဘူး မတ် ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထိုသင်တန်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျောင်းသား ကျောင်းသူ ၃၀ ဖြင့် လည်းကောင်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းအတွက် မတ် ၂၇ ရက်မှ ဧပြီ ၃၀ ရက်အထိ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၀ ဖြင့်လည်းကောင်း သင်ကြားလျက်ရှိကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## ဘားအံခရိုင်၌ အင်္ဂလိပ်သီချင်း သီဆိုပြိုင်ပွဲ ကျင်းပ

ဘားအံ မတ် ၂၈

ကရင်ပြည်နယ် ဘားအံမြို့၌ နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံအင်္ဂလိပ်စာ(Gramnar)သင်တန်းကို မတ် ၁၀ ရက်တွင် ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသား သင်တန်းသူများ၏ အင်္ဂလိပ်စာလေ့လာမှု အားကောင်းစေရန်အတွက် အင်္ဂလိပ်သီချင်း သီဆိုပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့ဝင် ဆရာမကြီး ဒေါ်မာလာထွန်းအုံးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး The Grade-8 အဖွဲ့၊ One Peace အဖွဲ့နှင့် Insinity အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သည့်အဖွဲ့များအား ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကရင်ပြည်နယ်စာကြည့်တိုက်များ



ဖောင်ဒေးရှင်းအဖွဲ့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရမည်းသင်းမြို့ပေါ်ရပ်ကွက်များအတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း

ရမည်းသင်း မတ် ၂၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ပေါ်ရပ်ကွက်များအတွင်း ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မတ် ၂၆ ရက် နံနက်ပိုင်းတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ၏ စီစဉ်ညွှန်ကြားမှုဖြင့် လျှပ်စစ်ဓာတ်အားလိုင်းအဖွဲ့ ဦးဆောင်၍ လိုက်လံပြုပြင်ခြင်း၊ မလွတ်ကင်းသောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် လျှပ်စစ်မီးရရှိသောအချိန် လျှပ်စစ်မီးသုံးစွဲသူများ ဓာတ်အားအပြည့်အဝ သုံးစွဲရမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

တင်ဦး(ရမည်းသင်း)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပေါ့ဆမှုကြောင့် နောင်တမရစေဖို့ မီးဘေးကို သတိပြုကြပါစို့

ကိုဘုန်း(ထုတ်လုပ်)

**မီးသည် လူသားတို့အတွက် မရှိမဖြစ် အရေးပါသော အရာတစ်ခုဖြစ်သည်။ ရှေးယခင်က လူသားတို့သည် မီးကို ရှာဖွေတွေ့ရှိပြီးနောက် ချက်ပြုတ်စားသောက်ခြင်း၊ အအေးဒဏ်ကို ကာကွယ်ခြင်း၊ အလင်းရောင်ရရှိခြင်း အစရှိသည့် ကောင်းကျိုးချမ်းသာများစွာကို ခံစားခဲ့ကြရသည်။ ယနေ့ခေတ်တွင်လည်း စက်မှုလုပ်ငန်းများမှသည် အိမ်တွင်းမှုကိစ္စရပ်များအထိ မီးသည် လူသားတို့၏ အဓိက အကူအညီအဖြစ် တည်ရှိနေဆဲဖြစ်သည်။**

သို့ရာတွင် မီးသည်အသုံးပြုသူ၏ သတိနှင့် ဂရုစိုက်မှု အနည်းငယ်မျှလျော့သွားပါက ခဏအတွင်း ဘေးအန္တရာယ်အဖြစ် ပြောင်းလဲသွားတတ်သည်။ ထိုအခါ မီးသည် လူ့အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများကို ခဏချင်းပျက်စီးဆုံးရှုံးစေနိုင်သော ကြောက်မက်ဖွယ် ရန်သူတစ်ပါးဖြစ်သွားတော့သည်။ ရှေးမြန်မာတို့က မီးကိုလည်း ရန်သူမျိုးငါးပါးတွင် ရန်သူတစ်ပါးအဖြစ် သတ်မှတ်ခဲ့သည်မှာ ယင်းသို့သော အကြောင်းကြောင့်ပင် ဖြစ်သည်။

မီးဘေးအန္တရာယ်သည် မည်သူမဆို၊ မည်သည့်နေရာတွင်မဆို ဖြစ်ပွားနိုင်သော အန္တရာယ်ဖြစ်ပြီး အထူးသဖြင့် ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် ပိုမိုသတိပြုရန်လိုအပ်သည်။ ထို့ကြောင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်သိရှိထားရန်၊ ကာကွယ်ရေးနည်းလမ်းများကို နားလည်စေရန်နှင့် ပြည်သူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အရေးကြီးပါသည်။




ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီး၌ ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်စဉ်။

## ကြိုတင်ကာကွယ်

မီးကို မလောင်ခင်က ကြိုတင်ကာကွယ်သင့်ပါသည်။ လူတို့ သတိပြုလေ့မရှိသော အသေးအဖွဲလေးမှစ၍ အကြီးအကျယ် ပျက်စီးတတ်သည်ကို “အမှိုက်ကစ ပြာသာဒ်မီးလောင်” ဟု ဆိုစမှတ်ပြုကြသည်။ ထိုစကားသည် မီးဘေးကာကွယ်ရေးတွင် အလွန်အဖိုးတန်သော စကားတစ်ရပ်ဖြစ်၏။ မီးလောင်ကျွမ်းမှုအကြောင်းရင်းများတွင် လူတို့၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ပွားရသည်ကို တွေ့ရသည်။ ထိုအခါ မိမိတို့၏ ပေါ့လျော့မှုအတွက် ကြီးစွာသော နောင်တဖြစ်ရတတ်သည်။ ထို့ကြောင့် ပျက်စီးပြီးမှ နောင်တရမည့်အစား မီးမလောင်မီက အထူးသတိထား၍ ကာကွယ်သင့်ပါသည်။

ပတ်ဝန်းကျင်ရှိ နေ့စဉ်သုံးပစ္စည်းများတွင် အလွယ်တကူ မီးစွဲလောင်နိုင်သော ပစ္စည်းများစွာရှိသည်ကို ရှေးဦးစွာ သတိထားသင့်သည်။ အမှတ်တမဲ့ ပစ်လိုက်သော မီးခြစ်ဆံ၊ ဆေးလိပ်တိုလေးများမှ မီးသည် မီးတောက်ကြီးအထိပွားများကာ ဆုံးရှုံးပျက်စီးလောက်အောင် ဖြစ်စေနိုင်သည်။ မီးမလောင်ရန် သတိပြုကာကွယ်ရာ၌ မီးကိုသာ သတိနှင့် ကိုင်တွယ်ရမည်မဟုတ်ဘဲ အိမ်တွင်းအိမ်ပြင်ရှိ မီးစွဲလောင်စေတတ်သော အရာဝတ္ထုအားလုံးကိုလည်း မီးနှင့်ဝေးရန် သို့မဟုတ် မီးမစွဲနိုင်စေရန် စီမံထားဖို့ လိုအပ်သည်။ ရေနံဆီ၊ ဓာတ်ဆီ စသည်တို့အပြင် မီးအစွဲလွယ်ဆုံး အိမ်တွင်းပစ္စည်းများမှာ စက္ကူနှင့် အဝတ်စများ ဖြစ်သည်။

### မီးမစွဲနိုင်စေရန် ဆေးရည်ဖြင့် စီမံ

သိပ္ပံပညာ ထွန်းကားသော ယနေ့ခေတ်တွင် မီးစွဲတတ်သော ပစ္စည်းအများအပြားကို မီးမစွဲနိုင်စေရန် ဆေးရည်ဖြင့် စီမံထားကြသည်။ ဆာဝီလျံပါကင်သည် သစ်သားများကိုလည်းကောင်း၊ အဝတ်အထည်များကိုလည်းကောင်း မီးလောင်ခံနိုင်စေရန် စိမ်သည့် ဆေးရည်များကို အောင်မြင်စွာ စမ်းသပ်ဖော်စပ်ခဲ့သည်။

ထို့အပြင် မီးသတ်ဆေးဘူးများကိုလည်း တီထွင်ခဲ့ကြသည်။ မီးသတ်ဆေးဘူးတွင် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်နှင့် ဆာလဖျူရစ်အက်စစ်များကို တခြားစီထည့်ထားသည်။ အရေးကြုံ၍ သုံးလိုသောအခါ မီးသတ်ဆေးဘူးကို ဇောက်ထိုးလုပ်လိုက်ခြင်းဖြင့် ဓာတ်ရည်နှစ်ခု ရောနှောမိကာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထွက်ပေါ်လာပြီး မီးတောက်ဖြစ်စေသည့် အောက်ဆီဂျင်ဓာတ်ကို ငြိမ်းသတ်နိုင်သည်။ မီးလောင်သည့်အခါ အမြန်ဆုံး ငြိမ်းသတ်နိုင်ရန် မီးသတ်ကိရိယာများကို အဆင်သင့်ထားရှိသင့်သည်။ မီးသတ်တပ်ဖွဲ့များ မရှိသေးသည့် ကျေးလက်တောရွာများတွင် မီးချိတ်၊ မီးကပ်များ အဆင်သင့် ပြုလုပ်ထားသင့်ပါသည်။

တောမီးလောင်ခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ၊ ပတ်ဝန်းကျင်နှင့် လူသားများအတွက် ဆိုးကျိုးများစွာ ဖြစ်စေနိုင်သည်။ ယင်းတို့အနက် သစ်တောများ ပျက်စီးခြင်းသည် ရေရှည်တွင် ရာသီဥတုပြောင်းလဲမှု၊ မြေဆီလွှာတိုက်စားမှု၊ ရေဝေရေလဲဒေသများ ထိခိုက်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်မှု လျော့ကျခြင်းစသည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ တောရိုင်းတိရစ္ဆာန်များအတွက်မူ နေထိုင်ရာ ဒေသဆုံးရှုံးခြင်း၊ အစာရေစာပြတ်လပ်ခြင်းနှင့် အချို့သော ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းအထိ ဖြစ်စေနိုင်သည်။ လူသားများအတွက်လည်း ကျေးရွာများပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားခြင်း၊ စီးပွားရေးဆုံးရှုံးခြင်းနှင့် အချို့သော အခြေအနေများတွင် လူမှုဘဝ ထိခိုက်ဆုံးရှုံးခြင်းတို့ပါ ကြုံတွေ့ရတတ်သည်။

တောမီးလောင်ရခြင်း၏ အကြောင်းရင်းများကို လူသားတို့၏ ပေါ့ဆမှုနှင့် သဘာဝအကြောင်းရင်းဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ လူသားတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရသော တောမီးများတွင် ဥယျာဉ်စိုက်ခင်းများရှင်းလင်းရန် မီးရှို့ခြင်း၊ ခရီးသွားများ သို့မဟုတ် တောအုပ်အတွင်း ဝင်ရောက်လုပ်ကိုင်သူများ၏ မီးငြိမ်းသတ်မှု မစေ့စပ်ခြင်း၊ စွန့်ပစ်ထားသော ဆေးလိပ်တိုများ၊ လျှပ်စစ်ဓာတ်ကြိုးများ ချွတ်ယွင်းခြင်း၊ ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်း စသည်တို့ ပါဝင်သည်။ အထူးသဖြင့် ခြောက်သွေ့ရာသီတွင် မီးသေးသေးလေးတစ်ခုသည်ပင် လေတိုက်ခတ်မှုနှင့်အတူ မြန်ဆန်စွာပျံ့နှံ့ကာ ဧရိယာကျယ်ပြန့်စွာ လောင်ကျွမ်းသွားတတ်သည်။

သဘာဝအကြောင်းရင်းများကြောင့်လည်း တောမီးလောင်ခြင်းကို ဖြစ်စေနိုင်သည်။ မိုးကြိုးပစ်ခြင်းသည် သဘာဝတောမီး၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး မိုးကြိုးကျရောက်ရာ နေရာတွင် ခြောက်သွေ့နေသော သစ်ရွက်ခြောက်များ၊ သစ်ကိုင်းများ မီးစွဲလောင်ကာ မီးတောက်ကြီးအထိ ဖြစ်ပွားတတ်သည်။ ထို့အပြင် သစ်ပင်အချင်းချင်း ပွတ်တိုက်ခြင်း၊ ကျောက်တုံးများ ပြိုကျစဉ်ဖြစ်ပေါ်လာသော ပွတ်တိုက်မှုမှ အပူဓာတ်ကြောင့် မီးစတင်လောင်ကျွမ်းခြင်းများလည်းရှိသည်။ အချို့ဒေသများတွင် ချော်ရည်များ စီးဆင်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့်လည်း တောမီးများ ဖြစ်ပွားတတ်ပါသည်။

> **အိမ်တွင်းရှိ မီးစွဲလောင်လွယ်သောပစ္စည်းများကို စနစ်တကျ သိမ်းဆည်းခြင်း၊ မီးသုံးပြီးတိုင်း မီးငြိမ်းသတ်မှု သေချာစေခြင်း၊ လျှပ်စစ်မီးကြိုးများ စနစ်တကျရှိစေခြင်း၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိခြင်းတို့သည် အိမ်တွင်းကာကွယ်ရေး၏ အခြေခံအဆင့်များဖြစ်သည်။ ထို့နောက် မိမိနေထိုင်ရာ လမ်းနှင့် ရပ်ကွက်အတွင်း၌လည်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ ရပ်ကွက်အတွင်း မီးသတ်ရေကန်များ၊ ရေပိုက်လိုင်းများရှိစေရေး၊ မီးသတ်ယာဉ်များ ဝင်ရောက်နိုင်မည့်လမ်းများ ဖောက်လုပ်ထားရေး၊ ရပ်ကွက်အတွင်း အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားရေး စသည်တို့မှာ မီးဘေးကြိုတင်ကာကွယ်ရေး၏ အရေးကြီးသောအစိတ်အပိုင်းများဖြစ်**

တောမီးများသည် အလွန်ကြောက်မက်ဖွယ်ကောင်းပါသည်။ တစ်ခါတစ်ရံ မိနစ်ပိုင်းအတွင်း ဟက်တာ ရာနှင့်ချီ၍ ပျံ့နှံ့လောင်ကျွမ်းနိုင်ပြီး ကျေးရွာများနှင့် အဖိုးတန်သစ်တောများမှာ တောမီးလောင်၍ ပျက်စီးဆုံးရှုံးရတတ်သည်။ သစ်တောများ ပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာကြာမြင့်တတ်ပြီး အချို့သော ဂေဟစနစ်များမှာ မူလအတိုင်း ပြန်လည်ကောင်းမွန်ရန် မဖြစ်နိုင်တော့ပေ။

ထိုသို့သော ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။ တောမီးကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သင့်ပါသည်။ ပြည်သူတိုင်း သတိရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ၊ ပတ်ဝန်းကျင်နှင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ဤကြောက်မက်ဖွယ်ရာ သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

### အထောက်အထားများရှိ

မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ရည်ရွယ်၍ မီးသတ်ဦးစီးဌာနကို တည်ထောင်ခဲ့သည်။ သမိုင်းမှတ်တမ်းများအရ ပုဂံခေတ်အနော်ရထာမင်းစော (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်ကပင် မီးတပ်သား ၆၆၃ ဦး (သောသောည်ံ ပုဂံမီးဆော်မောင်း) ခန့်ထားပြီး ပုဂံနေပြည်တော်၏ မီးဘေးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရှေးခေတ်မြန်မာမင်းအဆက်ဆက်လက်ထက်တွင်လည်း မီးဘေးကာကွယ်ရေး အမိန့်ပြန်တမ်းများ ထုတ်ပြန်ကာ နိုင်ငံတော် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် အထောက်အထားများရှိပါသည်။

မြန်မာနိုင်ငံတွင် မီးသတ်တပ်ဖွဲ့ကို သုံးမျိုးခွဲခြားထားပါသည်။

၁။ အစိုးရမီးသတ်တပ်ဖွဲ့ဝင်များ(သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ)

၂။ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ

၃။ သီးသန့်ဖွဲ့စည်းထားသော မီးသတ်တပ်ဖွဲ့ဝင်များ (မီးဘေးစိုးရိမ်ရသော စက်ရုံ/အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော ဝန်ထမ်းများ) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ခေတ်မီယာဉ်ကြီးများ၊ ခေတ်မီနည်းပညာများဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်လျက်ရှိသည်။ ပြည်သူများအနေဖြင့် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ Hot Line နံပါတ် ၁၉၁ သို့ အမြန်ဆုံး အကြောင်းကြားကြရန်နှင့် ပါဝင်ကူညီကြရန် နှိုးဆော်ထားပါသည်။

မီးဘေးအန္တရာယ်ကိုကြိုတင်ကာကွယ်ရန်ပြည်သူတစ်ဦးချင်းစီက မိမိနေထိုင်ရာနေအိမ်မှစတင်ကာ ဂရုပြုရမည်ဖြစ်သည်။ **စာမျက်နှာ ၁၉ သို့** ❖

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## လေးမျက်နှာမြို့နယ်၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

လေးမျက်နှာ မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း၏စီမံမှုဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်စိုးဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများ ဟောပြောခဲ့ပြီး မီးဘေးလုံခြုံရေးတွင် ဆောင်ရွက်ထားရှိရမည့် အချက်များကို ရှင်းလင်းပြောကြားကာ မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုတတ်စေရန် သင်ကြားပြီး ဌာနဆိုင်ရာရုံးများအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းကိုအောင်**



## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပညာရာမ ကျောင်းတိုက်မှ ဆရာတော် ဦးပဏ္ဍိစ ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်ငါးပါးတို့က မြို့နယ်အတွင်း လှည့်လည်ပြီး ပရိတ်ကြီး (၁၁)သုတ်နှင့် အနန္တရာယိက ကမ္မဝါစာ တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မတ် ၂၇ ရက် နံနက် ၈ နာရီမှစတင်၍ ဆောင်ရွက်သည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ဆရာတော်၊ သံဃာတော်ငါးပါးက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် ဇနီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်အတူ ရေစက်ချ တရားတော် နာယူခဲ့ကြကာ ဆရာတော်များအား လှူဖွယ်ဝတ္ထုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## မင်းတုန်းမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

မင်းတုန်း မတ် ၂၈

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ ရေလှောင်ကန်များ အသင့်ရှိစေရေးနှင့် လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျရှိစေရေး၊ တောမီးအန္တရာယ်မှ ကင်းဝေးစေရန် မီးတားလမ်းများပြုလုပ်စေရေး၊ မီးသတိမူရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာများ



အသိပညာပေးပြီး မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်များ အသုံးပြုကာ မီးငြိမ်းသတ်နည်းကို လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

❖ စာမျက်နှာ ၁၈ မှ

အိမ်တွင်းရှိ မီးစွဲလောင်လွယ်သောပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်း၊ မီးသုံးပြီးတိုင်း မီးငြိမ်းသတ်မှု သေချာစေခြင်း၊ လျှပ်စစ်မီးကြိုးများ စနစ်တကျရှိစေခြင်း၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိခြင်းတို့သည် အိမ်တွင်းကာကွယ်ရေး၏ အခြေခံအဆင့်များ ဖြစ်သည်။ ထို့နောက် မိမိနေထိုင်ရာ လမ်းနှင့် ရပ်ကွက်အတွင်း၌လည်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ ရပ်ကွက်အတွင်း မီးသတ်ရေကန်များ၊ ရေပိုက်လိုင်းများရှိစေရေး၊ မီးသတ်ယာဉ်များ ဝင်ရောက်နိုင်မည့်လမ်းများ ဖောက်လုပ်ထားရေး၊ ရပ်ကွက်အတွင်း အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားရေး စသည်တို့မှာ မီးဘေးကြိုတင်ကာကွယ်ရေး၏ အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်ကြသည်။

### ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျ

ရပ်ကွက်မှ မြို့နယ်အဆင့်သို့ တိုးမြှင့်လာသည်နှင့်အမျှ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၊ မီးသတ်ဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျလာပါသည်။ မြို့နယ်အတွင်း မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေမြင့်မားသော နေရာများကို ကြိုတင်သတ်မှတ်ခြင်း၊ ကြိုတင်ကာကွယ်ရေး စစ်ဆေးမှုများပြုလုပ်ခြင်း၊ မီးသတ်လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ခြင်း၊ ပြည်သူများအား အသိပညာပေးခြင်း စသည့်လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သည်။ ထိုသို့ မြို့နယ်အဆင့် ကာကွယ်ရေးခိုင်မာလာမှသာ ပိုမိုကျယ်ပြန့်သော ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ထိရောက်စွာ ဆက်စပ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အဆင့်တွင် မီးဘေးကာကွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ ခေတ်မီမီးသတ်ယာဉ်များ၊ ကိရိယာတန်ဆာပလာများ ဖြည့်ဆည်းပေးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့သည် နိုင်ငံတော်အဆင့်ကာကွယ်ရေး၏ မဏ္ဍိုင်များဖြစ်ကြသည်။

ထို့ကြောင့် ရန်သူမျိုးငါးပါးတွင် အဆိုးရွားဆုံးသော မီးလောင်ခြင်းကို ကြိုတင်ကာကွယ်ရန် မိမိနေအိမ်မှစ၍ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပြည်သူတစ်ဦးချင်းစီ၏ အသိတရား၊ သတိတရားဖြင့် ပူးပေါင်းကာကွယ်ကြရန် အထူးတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား။ မီးသတ်ဦးစီးဌာန**

■

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အမိုးအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ ရယူလိုက်ပါ။

Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar

၈



## တိုက်ကြီးမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ဒေသများသို့ မြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မလေးရှားပိုင်ကျေးရွာအုပ်စု လိပ်ကြည်ကျေးရွာ ငြိမ်းချမ်းရေးလမ်းစဉ်တောရကျောင်းတိုက်သို့ သွားရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေမျိုးထွန်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့က သောက်သုံးရေ လိုအပ်လျက်ရှိသည့် လိပ်ကြည်ကျေးရွာ ငြိမ်းချမ်းရေးလမ်းစဉ်တောရကျောင်းတိုက်သို့ သောက်သုံးရေဂါလန် ၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ညောင်ဦးမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

ညောင်ဦး မတ် ၂၈

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက မတ် ၂၇ ရက်တွင် ညောင်ဦးမြို့နယ် ဒါန်းစင်ကျေးရွာနှင့် မရောင့်ရဲကျေးရွာတို့သို့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးသည်။



### လှူဒါန်း

ထိုသို့ လှူဒါန်းပေးရာတွင် ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ရေလှူတော်အသင်းမှ အသင်းသား အသင်းသူများက ဒါန်းစင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ မရောင့်ရဲကျေးရွာရှိ ဒေသခံပြည်သူများ အတွက် ရေဂါလန် ၃၂၀၀ တို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

## မြောက်ဥက္ကလာပမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးဆောင်ရွက်



ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက (ဃ)ရပ်ကွက် သိရီကန်သာလမ်း သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့ နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကာ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနများမှ တွဲဖက်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက (ဃ)ရပ်ကွက် သိရီကန်သာလမ်း သန့်ရှင်းသာယာလှပစေရေးအတွက် ပတ်ဝန်းကျင်နှင့်အနီးအနားရှိ အမှိုက်သရိုက်များ ကောက်ခြင်း၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းအတွင်း/အပြင်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ယူရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ အလင်းဖွင့်ခြင်းစသည်တို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိအမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



## ပေါင်မြို့နယ်၌ ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပေါင် မတ် ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မိုးစပါးများ ရိတ်သိမ်းပြီးချိန်တွင် တောင်သူအများစုက တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး လုပ်ငန်းများကို အားထား လုပ်ကိုင်ကြကြောင်း၊ ဆောင်းသီးနှံများ အနေဖြင့် ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ ရုံးပတီသီး၊ ပဲတောင့်ရှည်၊ ဘူး၊ သခွား၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ နံနံပင်၊ ပူဒီနာ၊ ငရုတ်ကောင်း၊ ငရုတ်၊ ဟင်းနုနယ်စသည့် သီးနှံများကို စိုက်ပျိုးကြကြောင်း၊ ယခုအခါ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ယခင်က စိုက်ပျိုးသူနည်းပါးကာ နောက်ပိုင်းတွင် တောင်သူများက ပိုမိုစိုက်ပျိုးလာကြကြောင်း၊ ပန်းဂေါ်ဖီ စထွက်ချိန်တွင် တစ်ထုပ်လျှင် ဒေသပေါက်စျေးကျပ် ၂၀၀၀ အထိ ရောင်းချရကြောင်း ကျုံကကျေးရွာနေ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

ပန်းဂေါ်ဖီစိုက်ပျိုးရေးလုပ်ငန်းသည် စစိုက်သည့်အချိန်မှစ၍ သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချရပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်စျေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ (Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ (Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။





☆ ကျောဖုံးမှ

ဝမ်လိုင်ဒမ်းရွာ၊ လုံးနဒမ်းရွာ၊ ခါးလန်ရွာမှ ဇီယာဒမ်းရွာ(ရေခဲတောင်ခြေရွာ)သို့ ရောက်ရှိပြီး ခရီးစဉ်ပထမည အဖြစ် အိပ်စက်ရပ်နားသည်။

ဒုတိယနေ့တွင် ဇီယာဒမ်းရွာမှ သစ်ပင်ကြီးစခန်းသို့ ခုနစ်မိုင်ခရီး ခြေကျင်ခရီးစတင်ကြပြီး ချောင်းများ၊ ကြိုးတံတားများကို ဖြတ်ကျော်၍ မွန်းလွဲပိုင်းတွင် ဖုန်ကန်ချောင်းဆုံနေရာ၌ အနားယူကာ သစ်ပင်ကြီးစခန်းသို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဒုတိယနေ့ညအဖြစ် စခန်းချရပ်နားကြလေ့ရှိသည်။

တတိယနေ့တွင် သစ်ပင်ကြီးစခန်းမှ ခုနစ်မိုင်ရှိသော ခမ်းတောက်မြစ်စခန်းသို့ ခြေကျင်တက်ကြပြီး လေးမိုင်ခန့် ရောက်ပါက ဖုန်ကန်ရာဇီရေခဲတောင်ကို စတင်မြင်တွေ့ရကာ ထိုင်ခုံရပ်နားစခန်းတွင် ခေတ္တနား၍ ထိုမှ တစ်မိုင်ခန့်တက်ပါက ခမ်းတောက်မြစ်စခန်းသို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

စတုတ္ထနေ့တွင် ခမ်းတောက်မြစ်စခန်းမှ ခြောက်နာရီကြာ ခြေကျင်ခရီးတက်ပြီးပါက ရေခဲပြင်များကို စတင်တွေ့ရှိရာ ရေခဲစပ်(ဖုန်ကန်ရာဇီတောင်ခြေ) စခန်းသို့ ရောက်ရှိပြီး ထိုနေရာမှ နှစ်မိုင်ကျော်ခန့်ဝေးကွာသည့် ဖုန်ကန်ရာဇီတောင်ထိပ်ကို တွေ့မြင်ရသော ရေခဲစပ်စခန်း၌ ညအိပ်ရပ်နားသည်။ ပဉ္စမနေ့တွင် အတက်အဆင်းမတ်စောက်သော ရေခဲစပ်စခန်းမှ ဖုန်ကန်ရာဇီတောင်ထိပ်သို့ တက်ရောက်ကြပြီး မြန်မာပြည်မြောက်ဖျား၏ ရေခဲတောင်များအလှကို အားပါးတရ ကြည့်ရှုခံစားကြကာ နေ့ချင်းပြန်အဖြစ် ရေခဲစပ်စခန်းသို့ပြန်ဆင်း၍ညအိပ်ရပ်နားကြသည်။

ဆဋ္ဌမနေ့တွင် ရေခဲစပ်စခန်းမှ ရှစ်နာရီကြာခရီးအဖြစ် ဇီယာဒမ်းရွာသို့ ခရီးသွားများ ပြန်ဆင်းလာကြပြီး ညအိပ်ရပ်နားသည်။ သတ္တမနေ့တွင် ဇီယာဒမ်းရွာမှ ဆိုင်ကယ်ခရီးစဉ်ဖြင့် ပူတာအိုမြို့သို့ တောင်တက်ခရီးသွားများ ပြန်လည်ပို့ဆောင်ကာ ဝန်ဆောင်မှုပေးထားသည်။

"ဒီမှာ မတ်လဆိုရင် ရေခဲတောင် ခရီးသွားတွေကို စပြီး ဝန်ဆောင်မှုပေးနေပါပြီ။ မနှစ်ကတည်းက ကြိုပြီး ခရီးစဉ်တွေကို လက်ခံထားပြီးမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရတာပါ။ မတ်လတတိယပတ်အကုန်မှာ ရာသီဥတုပြောင်းလဲသွားတာကြောင့် ဒီရက်ပိုင်းလေးမှာ ခရီးစဉ်အချို့ကို ခေတ္တရပ်ထားတာရှိပေမယ့် ရာသီဥတုကောင်းတာနဲ့ ဆက်ထွက်မှာပါ။ ခရီးသွားတွေရဲ့ အလုံးစုံကို တာဝန်ယူရတာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေချောမွေ့အောင်၊ အန္တရာယ်ကင်းအောင် အထူးကြပ်မတ်ဆောင်ရွက်ပေးပါတယ်။ ကုမ္ပဏီအနေနဲ့ ရေခဲတောင်ခရီးစဉ် အတွေ့အကြုံကောင်းတွေရှိတဲ့အတွက် အထိအခိုက်မရှိအောင်၊ ခရီးသွားတွေနှစ်မြို့က်အောင်၊ ကိုယ့်နိုင်ငံရဲ့ ရေခဲတောင်အလှကို ရုပ်ရှင်၊ အင်တာနက်မှာ မဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့ခံစားဖမ်းဆုပ်လို့ရအောင် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါတယ်။ ဒီလကုန်ပိုင်းမှာ နှင်းမိုးတွေရွာတဲ့အတွက် အထူးသတိထားပြီး ခရီးသွားတွေ စိတ်ကျေနပ်မှုရှိအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ပူတာအိုမြို့မှ ELSSM ရေခဲတောင် ပို့ဆောင်ရေးဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူ ဦးဒမ်ရိမ်းက ပြောသည်။

ပူတာအိုမြို့မှ ဖုန်ကန်ရာဇီရေခဲတောင် ခုနစ်ရက်ခရီးစဉ်တွင် လည်းကောင်း၊ ခါကာဘိုရာဇီ ရေခဲတောင် ၁၇ ရက်ကြာခရီးစဉ်တွင် လည်းကောင်း တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀ မှ သိန်း ၄၀ ခန့်ဖြင့် ဝန်ဆောင်မှုပေးထားသည်။ ရေခဲတောင်ခရီးစဉ်တက်ကြမည့် ခရီးသွားများအနေဖြင့် ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်ဖြစ်ပြီး ရေခဲတောင်ခရီးစဉ် မတက်ရောက်မီ ကြိုတင်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ တောင်တက်အတွေ့အကြုံနှင့် သက်ဆိုင်သော ဗဟုသုတ လေ့ကျင့်ခန်းများ ဆောင်ရွက်ထားရန် ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ကြိုတင်အသိပေးထားသည်။ မိုးရာသီ၌ ရေခဲတောင်တန်းဒေသတွင် မိုးရွာသွန်းမှုမရှိ၍ ရေခဲတောင်ခရီးစဉ်များကို ဇူလိုင်လ ဒုတိယအပတ်အထိ ခရီးသွားဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

သတင်း - ဥသဿ

ဓာတ်ပုံ - ကိုလွင်

✣ မြန်မာ့လက်ရွေးစင်မှ

FIFA ASEAN Cup ပြိုင်ပွဲကိုမူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)က အရှေ့တောင်အာရှဘောလုံးလောက ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယခုနှစ်တွင် ပထမဆုံးကျင်းပပေးခြင်းဖြစ်သည်။

အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်းသည် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုလေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရမည်ဖြစ်သည်။ FIFA ASEAN Cup ပြိုင်ပွဲမှာမူ ယခုနှစ်မှ စတင်ကျင်းပမည်ဖြစ်သောကြောင့် ကျင်းပမည့်ပုံစံ အတည်ပြုရခြင်းမရှိသေးပေ။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်နေပြီး နောက်ဆုံးပွဲအဖြစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - စိုးညွန့်သော်

❍ ONE Friday မှ

ထိုးသတ်မှုများ ပြုလုပ်နိုင်ပြီး ဒုတိယအချီတွင် ဆက်တိုက်ဖိထိုးနိုင်ခဲ့သည်။ တတိယအချီတွင် နှစ်ဦးစလုံး အမှတ်ရနိုင်သည့် ထိုးသတ်မှုများ ပြုလုပ်နိုင်သော်လည်း အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ဒီဒူအန်လက်ခ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆွန်ရက်သည် ONE နှင့် ၁၆ ပွဲ ထိုးသတ်ရာတွင် ကိုးပွဲနိုင် ခုနစ်ပွဲရှုံးနိမ့်ခဲ့ပြီး ဒီဒူအန်လက်ခ်သည် ၁၃ ပွဲ ထိုးသတ်ရာတွင် ရှစ်ပွဲနိုင်၊ ငါးပွဲရှုံးနိမ့်ထားသည်။

သတင်း - ရှိုင်းထက်ဇော်

ဓာတ်ပုံ - onefc

## လျှပ်စစ်မီးသုံးစွဲမှု ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

မန္တလေး မတ် ၂၈

ကျောင်းဝင်းအတွင်း လျှပ်စစ်မီးသုံးစွဲမှုဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၈ ရက်က မန္တလေးမြို့ အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းသားလူငယ်များ လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာမသုံးစွဲရေး၊ လျှပ်စစ်ဓာတ်အားကြောင့် ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြစ်ပွားလာပါက အရေးပေါ်ဆောင်ရွက်ရမည်တို့ကို လွယ်ကူစွာ သဘောပေါက်နားလည်စေရန် သရုပ်ဖော်ပုံများနှင့်တကွ မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီက အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

မြင့်လှိုင်

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီး ရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာ ရေးထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။



## ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ဂျန်နစ်ဆင်းနား မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတက်လှမ်း

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ဂျန်နစ်ဆင်းနားဟာ မိုင်ယာမီ အိုးပင်းတစ်နစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အလက်ဇန္ဒားဗီရက်ဖ်ကို အနိုင်ရရှိခဲ့တာကြောင့် ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

### ဗိုလ်လုပွဲတက်လှမ်း

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်းနားဟာ မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ အလက်ဇန္ဒားဗီရက်ဖ်ကို ၆-၃၊ ၇-၆ (၇-၄) ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်းနားဟာ မိုင်ယာမီအိုးပင်းတင်းနစ်ဖလား ဗိုလ်လုပွဲစဉ်မှာ လီဟက်ကာနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ဂျန်နစ်ဆင်းနားဟာ သုံးနှစ်တာအတွင်း မိုင်ယာမီ အိုးပင်းတင်းနစ်ဆုဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတာလည်း ဖြစ်ပါတယ်။

### အနိုင်ရရှိ

ဂရန်းဆလမ်း လေးကြိမ်မြောက်ချန်ပီယံနဲ့ ဝင်ဘယ်ဒန်ချန်ပီယံ ဂျန်နစ်ဆင်းနားဟာ ပြီးခဲ့တဲ့ သီတင်းပတ်က ဂျာမနီနိုင်ငံရဲ့ ကမ္ဘာ့နံပါတ်လေးအဆင့်ရှိ ဗီရက်ဖ်ကို အင်န်ဒီယံဝဲလ်ပြိုင်ပွဲမှာလည်း အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်းနားဟာ အလက်ဇန္ဒားဗီရက်ဖ်နဲ့ (၁၂)ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာမှာ ရှစ်ကြိမ်အထိ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့တို့၌ ထန်းတောင်သူလုပ်ငန်းများ ဆက်လက်လုပ်ကိုင်

ညောင်ဦး မတ် ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့ ကျေးလက်ဒေသ ထန်းတောင်သူများ ထန်းလျက်ဈေးမကောင်းသော်လည်း မိသားစုစားဝတ်နေရေးအစဉ်ပြေနေစေရန် ထန်းတောင်သူလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေရကြောင်း ကျောက်ပန်းတောင်းမြို့နယ် ခွေးတောက်ပင်ကျေးရွာ ထန်းတောင်သူ ဦးလှမင်းက ပြောသည်။

ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့တို့တွင် ထန်းပင်များနှင့် ထန်းတောင်သူအများအပြား ကျန်ရှိနေသေးသည့်မြို့ဖြစ်ကာ ယခုနှစ်က ထန်းလျက်ပေါ်ဦး



ပေါ်ဖျား တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ရှိပြီး ယခင်နှစ်က ထန်းလျက်ပေါ်ဦးပေါ်ဖျား တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ရှိကြောင်း၊ ယခုနှစ် ဈေးနှုန်းကျဆင်းခြင်းကြောင့် ထန်းတက်တောင်သူများ အဆင်မပြေသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာ ထန်းတောင်သူ ဦးထွန်းမင်းက ပြောသည်။

ထန်းလျက်လုပ်ငန်းသည် ထန်းသမားတစ်ယောက် ထန်းပင်သုံးဆယ်တက်(လှီး)လျှင် နံနက်တစ်ခါ ညနေတစ်ခါ အကြိမ် ၆၀ တက်ရကြောင်း၊ ထန်းဆွဲမြူအိုးကောက်၊ ထန်းလျက်ချက်သူ၊ ထန်းလျက်ချက်ဖိုမီးထိုးသူ၊ ထန်းတောင်သူမိသားစု လူဆယ်ယောက်ရှိလျှင် ဆယ်ယောက်လုံးပင်ပန်းသော လုပ်ငန်းဖြစ်သော်လည်း ငါ့သရောက်မြို့သည် ခေတ်အဆက်ဆက် ထန်းတက်လုပ်ငန်းကို အားကိုးအားထားပြုလုပ်ကိုင်လာခဲ့ကြောင်း၊ ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာသည် အိမ်ခြေသုံးရာကျော်ရှိပြီး တစ်ရွာလုံး ထန်းတက်လုပ်ငန်းလုပ်ကိုင်လာခဲ့ရာ ယခုအခါ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြကာ ထန်းတက်သမား သုံးချိုးတစ်ချိုးပင်မရှိတော့ကြောင်း ၎င်းကဆက်ပြောသည်။

ယခုနှစ်ပေါ်ဦးပေါ်ဖျား ထန်းလျက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ သာ ရောင်းချရခြင်းကြောင့် ထန်းတောင်သူများပင်ပန်း၍ တွက်ခြေမကိုက်သည့်နှစ်ဖြစ်နေကြောင်း၊ ထန်းတောင်သူများ ထန်းလျက်ကို ဖောက်သည်သွင်းဈေး ငွေကျပ် ၃၅၀၀-၄၀၀၀ ဖြင့်သွင်းရသော်လည်း တစ်ဆင့်ပြန်လည်ရောင်းချသူများက ငွေကျပ် ၇၅၀၀ မှ ၉၀၀၀ အထိ ပြန်လည်ရောင်းချနေကြကြောင်း သိရသည်။ **ဒီပါလင်း**

# မုံရွာခရိုင် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် AML/CFT အသိပညာပေးမြှင့်တင်ရေးသင်တန်းဖွင့်

မုံရွာ မတ် ၂၈

မုံရွာခရိုင် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် AML/CFT အသိပညာပေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများ ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း ၂၄ ခုနှင့် အဖိုးတန်သတ္တု(ရွှေ) လုပ်ငန်း ၉၀ တို့ကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံက FATF အဖွဲ့အစည်းက Blacklist အဆင့်သတ်မှတ်ထားခြင်းမှ အဆင့်တိုးမြှင့်ပေးစေရေးအတွက် AML/CFT ဆိုင်ရာ လုပ်ငန်းများကို မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် မုံရွာခရိုင် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးထွန်းတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာများနှင့်



စပ်လျဉ်း၍လည်းကောင်း၊ မုံရွာခရိုင် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများလိုက်နာရမည့် စည်းမျဉ်း စည်းကမ်း အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**






## စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသောအဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်အဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေမြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။




ရည်ညွှန်းကိုးကား:

(၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၁၈)၏ ပထမထပ်(ခြေရင်းခန်း)၊ (၂-လွှာB) (အလျား၁၅ပေxအနံ၆၀ပေ)**အကျယ်ရှိ တိုက်ခန်း(၁)ခန်းကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော **ဒေါ်ဝင်းဝင်းမော်[၁၄/ညတန(နိုင်)၁၃၈၉၆၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးမြင့်စိုး[၁၂/ကမတ(နိုင်)၀၁၀၅၇၄]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-ဘီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-765188412**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

နတ်မောက်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ ဒေါ်စိန်ပု [၈/နမန(နိုင်)၂၆၅၆၆၇] နှင့် ဒေါ်စန်းစန်းအေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင်လုပ်ငန်းအားလုံးကို လေလံစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၂၃-၄-၂၀၂၆)နေ့မှ (၇-၅-၂၀၂၆)နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပွဲတော်ဈေးဆိုင်ခန်းများအပါအဝင် လုပ်ငန်းအရပ်ရပ်ကို လုပ်ကိုင်လိုသူများအား တပေါင်းတည်း လေလံစနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ရာ(၄-၄-၂၀၂၆)နေ့ ညနေ (၄)နာရီတွင် လေလံလျှောက်လွှာပိတ်သိမ်းမည်ဖြစ်ပြီး (၅-၄-၂၀၂၆)နေ့ နံနက် (၉)နာရီတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(၂၁-၃-၂၀၂၆)နေ့ မြန်မာ့အလင်း နှင့် ကြေးမုံသတင်းစာပါ လေလံကြော်ငြာစာအား ပယ်ဖျက်လိုက်ပါသည်။ **ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ ၀၉-၇၇၁၆၃၆၈၉၂**

**ဂေါပကရုံးအဖွဲ့မှူး၊ ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ငူမြို့**

## နေကာဟ် မင်္ဂလာလက်ထပ်ပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်-၂၂၁ နေသူ မောင်ကျော်မြတ်ထူး(ခ)ပိုင်ဇင်ထွန်း(ခ)အဗ္ဗဒူလ်ဖသ်သာဟ်(ခ)Abdul Fattah [၁၂/ပဘတ(နိုင်)၀၃၇၃၀၆]နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၄ လမ်း၊ အမှတ်-၄၂ / ၄၄ နေသူ မစန္ဒာဝင်း(ခ)မိုင်မူနာဟ်(ခ)Maimunah [၁၂/ဒဂတ(နိုင်)၁၁၆၁၆၇]တို့သည် 15th March 2026 တွင် နှစ်ဦးသဘောတူညီစွာဖြင့် ဂုဏ်သရေရှိသက်သေလူကြီးများရှေ့မှောက်၌ အကြင်လင်မယားအဖြစ် ပေါင်းသင်းကြရန် အစ္စလာမ်တရားတော်နှင့်အညီ တရားဝင်လက်ထပ်ပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၎င်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၆၂)**
**အမှတ်-၉၂၊ ပထမထပ်၊ ၃၇-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၀၆၁၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦးပိုင်အမှတ်(၁၅၅)ခဲစင်း၊ ၆၃x၆၄လမ်းကြား၊ ၁၁၀လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းညွန့်၏ (GP ရရှိသူ ဦးအောင်ဌေး(ခ)အိုက်ညွန့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းဆေစံမိုင်း[၁၃/လခန(နိုင်)၀၃၂၉၄၄]က အမှုတွဲအမှတ်(၅၉၆၄/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်-(မ-၁)၊ ဦးပိုင်အမှတ်(၁၀)ခဲစင်း၊ ၆၄x၆၆ကြား၊ ၄၃နှင့်သိပ္ပံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းကိုကိုအောင်၏ (SP ရရှိသူ ဦးမျိုးမင်းအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၂၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေရည်မောင်[၉/ခအဇ(နိုင်)၀၂၃၉၀၆]က အမှုတွဲအမှတ်(၅၉၅၅/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မင်းရဲကျော်စွာ(၆)လမ်း၊ မြေကွက်အမှတ်(၁၆၀၉)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့်ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသူများဖြစ်သည့် (၁)ဒေါ်ဆိုင်းဆောင်(မ်)[၁၂/ဥကတ(နိုင်)၁၆၂၇၈၃]၊ (၂) ဦးဆိုင်းအောင်[၁၂/ဥကတ(နိုင်)၁၆၉၈၇၉]တို့ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်လှိုင်ယမင်း[၇/ညလပ(နိုင်)၁၇၁၆၁၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇေယျ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်(B6)၊ အခန်း(401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်-(ဏ-၄)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၃x၆၄ကြား၊ ၁၀၅x၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေခိုင်ဇော်၊ ဦးပြည့်ဖြိုးအောင်၊ ဒေါ်ဆုဝေထွန်း တို့၏ (SP ရရှိသူ ဒေါ်စန္ဒာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၈၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးဇော်[၅/ကဘလ(နိုင်)၁၆၇၂၆၄]က အမှုတွဲအမှတ်(၅၉၃၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၇ x ၆၈ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်း ၏ (SP ရရှိသူ ဦးရဲမြင့်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၃၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမော်[၉/မရတ(နိုင်)၀၄၀၃၂၀]က အမှုတွဲအမှတ်(၅၉၆၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၂၃)၊ ၃၉(စီ)လမ်း၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ထက်ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဦးဝင်းမင်းထွန်း[၁/ကမန(နိုင်)၀၃၃၄၇၇]၊ ဒေါ်သဲဖြူဝင်း[၁/မညန(နိုင်)၁၀၇၇၃၃]တို့က အမှုတွဲအမှတ်(၅၉၅၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(တ-၅)၊ ဦးပိုင်အမှတ်(၄၅)၊ ၆၃(အေ)လမ်း၊ ၁၀၃x၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနေမျိုးကျော်၊ ဒေါ်ခင်မိုးခိုင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၈၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှထွေး[၅/ဟမလ(နိုင်)၀၅၀၄၆၁]က အမှုတွဲအမှတ်(၅၉၆၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်-၁၅၄၀/ခ ဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၀.၀၂၇၅)ဧကရှိ ဒေါ်ကျင်သန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးအောင်သူ[၁၂/ဗတထ(နိုင်)၀၃၈၀၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင် LL.B,D.B.L** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၈၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄၆/၂၀)ရပ်ကွက်၊ မြောင်းမြ(၆)လမ်း၊ အမှတ်(၂၇၄)ဟုခေါ်တွင်သော မြေကွက် (အလျား-၄၀ပေ x အနံ ၆၀ပေ)အနက်မှ ခြေရင်းခြမ်းမြေကွက် (အလျား ၂၀ပေ x အနံ ၆၀ပေ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက် ဒေါ်ခင်ခင်ဝင်း[၁၂/ဥကတ(နိုင်)၀၀၅၄၄၉)၏ခင်ပွန်း ဦးခင်မောင်အေး[၁၂/ဥကတ(နိုင်)၀၁၃၇၇၆]ထံက တစ်ဆင့်ဝယ်ယူထားပြီး ယခုတွင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိပြီး လက်ရောက်ရရှိပိုင်ဆိုင်ထားသည်ဟုဆိုသော ဦးတင်သောင်း[၁၃/ပလန(နိုင်)၀၀၃၀၂၉]ထံက ကျွန်ုပ်မိတ်ဆွေ ဦးထွေးမောင်[၇/သနပ(နိုင်)၀၄၇၄၅၅]မှ ဝယ်ယူရန်အတွက် (၂၄-၃-၂၀၂၆)ရက်နေ့တွင် မြေကွက်တန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၂၄-၄-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးတင်သောင်းတို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ မြေကွက်အပြီးသတ် အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၉)**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/၃၃/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၉၈၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ (ဏ/၁၄)ရပ်ကွက်၊ အောင်သုခလမ်း၊ မြေကွက်အမှတ်(၉၆၂)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ကျော်သိန်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း(၁၃x၆၀)ပေရှိ ပါမစ်မြေကွက်နှင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင့်သူမိုး[၁၂/ရပသ(နိုင်)၁၀၄၈၇၀]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ကိုမြင့်[၁၂/အစန(နိုင်)၁၉၃၆၈၀]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကိုမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင်** | **ဒေါ်သိမ့်သန္တာအောင်** | **ဒေါ်ယမင်းဖြူဖြူသိန်း** |
| **(LL.B)** | **(LL.B)** | **LL.B (Q)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၂၅၀)** | **(စဉ်-၄၈၂၂၉)** | **(စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၆)၊ မြေကွက်အမှတ်(၁၃/က)၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၃/က)၊ ဘုရင့်နောင်လမ်း၊ (၅/၆)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးအောင်စိန်(AD-၀၃၂၁၂၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ရွှေပြည်သာမြို့နယ် တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၃၈/၂၀၂၅ (၁၅-၉-၂၀၂၅)ဖြင့် ဦးအောင်စိန်အား တရားပြိုင်ပြု၍ တရားလို ဒေါ်ယုသန္တာစိုးမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ဒေါ်ယုသန္တာစိုးမှ ရရှိခဲ့သည့် (၁၅-၉-၂၀၂၅)ရက်စွဲပါ တရားရုံးစီရင်ချက် အနိုင်ဒီကရီနှင့် တရားရှုံးကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]အား ခန့်အပ်သည့် (၅-၁-၂၀၂၆)ရက်စွဲပါ တရားမဇာရီမှုအမှတ်(၅၁/၂၀၂၅)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၁၅-၁-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ တရားရုံးသို့ တင်ပြခဲ့သည့် အရပ်ကတိအရောင်းစာချုပ်၊ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## “ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက်အမှတ်(၂၇)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ မြေညီထပ်(ယာ) (ထပ်ခိုးပါ)၊ ခြေရင်းခြမ်း၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်)၊ အခန်းအမှတ်(B-1)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၄၀ပေ)ရှိတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါ တိုက်ခန်းကို ကန်ထရိုက်တာထံမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူများဖြစ်သော ဦးသိန်းတန်[၇/သနပ(နိုင်)၀၄၀၆၄၄) နှင့် ဒေါ်ရီဝင်းမော်(ခ)ဒေါ်ရီရီမော်[၇/သနပ(နိုင်)၀၀၂၅၀၇]တို့မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းကြောင်း၊ လွတ်လပ်စွာ တရားဝင်စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဦး[၁၂/သဃက(နိုင်)၁၁၂၃၆၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမြင့်ဦး** | **ဒေါ်ဝင်းဝင်းခိုင် (LL.B)** |
| **ဖုန်း-၀၉-၇၉၅၇၉၂၅၂၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)** |
| | **အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊** |
| | **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၃၀၆၅၉၃၉** |

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)ရပ်ကွက်၊ ဆရာစံလမ်းရှိ အမှတ်(၁၄၁)၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-အပိုင်း(၂)၊ မြေကွက်အမှတ်(၁၄၁) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၂၀၇xအနံ၂၃၅)ပေ၊ ဧရိယာ(၁.၁၁၇)ဧက ကျယ်ဝန်းသော ဒေါ်တင်လှ(PDE-၀၃၉၇၂၉)၊ ဒေါ်ခင်ဆွေဝင်း[၁၂/လမန(နိုင်)၀၀၁၀၇၅]နှင့် အောင်ကင်တီး (ခ) အင်ကင်တီး (ခ) ဒေါ်အေးခိုင်[၁၂/ပဘတ(နိုင်)၁၂၃၂၈၃]တို့ (၃)ဦးပူးတွဲ အမည်ပေါက်ထွက်ရှိထားသည့် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ (ခြေရင်း)ဘက်ခြမ်းရှိ အကျယ်အဝန်း(အလျား၆၉xအနံ၂၃၅)ပေ ကျယ်ဝန်းသော မြေကွက်နှင့်အကျိုးခံစားခွင့်အားလုံးတို့ကို** မိမိတစ်ဦးတည်းသာ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံကတိပြုပြောဆို ကမ်းလှမ်းလာသူ **ဒေါ်ခင်ဆွေဝင်း [၁၂/လမန(နိုင်)၀၀၁၀၇၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုးကျော်ကျော်[၁၀/ပမန(နိုင်)၂၂၁၅၄၃]**က အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃၅)**
**ရုံး- အမှတ်(၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-778034689**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်းပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၃၂)၊ **ပြည့်စုံချမ်းသာကွန်ဒို(၁)** ဟုခေါ်တွင်သော (၁၂)ထပ်တိုက် အဆောက်အဦ၏ (၇)လွှာ၊ အခန်းအမှတ်(G) အကျယ်အဝန်း (၁၅၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်ဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဒေါ်သက်စုစံ [၁၂/လမန(နိုင်)၁၆၉၉၀၆]**က ၎င်းတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဦးဖြိုးကိုကို [၁၂/လမန(နိုင်)၁၃၆၆၉၇]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ နေထိုင်သုံးစွဲပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန် (စဉ်– ၁၃၄၉၆) [တရားလွှတ်တော်ရှေ့နေ]**
**[LL.B, D.B.L, D.I.L, D.I.P.L, DL–101 WIPO (Switzerland)]**
**ဖုန်း– ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်– ၃၀၂ (၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ သုမိတ္တာ(၁၄)လမ်း၊ မြေကွက်အမှတ်(၅၂၈)၊ ဦးတင်ရွှေ၊ ဦးမောင်ငြိမ်းတို့၏ အမည်ပေါက်သော နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ(၂၅x၅၀)အနက်မှ မြေကွက်အမှတ်– ၅၂၉ နှင့်ကပ်လျက်ဘက်ရှိ မြေအကျယ် ပေ(၁၂ ½ x၅၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ (ရေ/မီးပါသော) နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်အဖြစ်ပါရှိသူ– ဦးမောင်ငြိမ်း [၁၂/ဥကမ(နိုင်) ၀၂၃၉၃၀]မှ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်ပို [၁၂/ဒဂရ(နိုင်) ၀၃၀၁၆၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပို၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၅၄၀၇၂၂၉**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဦးခင်စိုး [၁၂/လကန(နိုင်) ၀၇၅၆၀၂]နှင့် ဒေါ်သိန်းရွှေ [၁၂/လကန(နိုင်) ၀၇၅၆၀၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်စိုးနှင့် ဒေါ်သိန်းရွှေ တို့၏သားဖြစ်သူ ကိုနေဇော်သက် [၁၂/လကန(နိုင်) ၁၈၄၅၁၉]သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်စိုးနှင့် ဒေါ်သိန်းရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နွယ်နွယ်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၀၅၅)**
**သီတာအေး(၃)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း– ၀၉–၄၂၁၀၆၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၆၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ၊ အမှတ်– ၂၃၉/ဘီ၊ ဧရိယာ(၁၁၇၄၈) စတုရန်းပေအကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်မြခိုင်[၁၂/တမန(နိုင်) ၀၀၄၈၇၅]အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေအမျိုးအစားမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကို အမည်ပေါက် ဒေါ်မြခိုင်က (၂၄–၁၂–၂၀၂၄)ရက်နေ့တွင် ဂရန်သစ်လျှောက်ထားလျက်ရှိပြီး ၎င်းအနေဖြင့် တရားဝင်လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်းများ)နှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းဝေယံထွဋ် [၁၂/ဥကမ(နိုင်) ၂၀၈၀၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပြည့်ဖြိုးလွင် LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၂၀၅)**
**အမှတ်–၁၁၁၇/အေ၊ ရွှေနှင်းဆီ ၅လမ်း–ဘီ၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၇၇၇၇၅၆၇၄၂**

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– (၃)၊ ဗိုလ်ဖိုးဝင်း(၃)လမ်း၊ မြေကွက်အမှတ်– ၇၆၁၊ အကျယ်အဝန်း (၄၁x၆၀)ပေ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်အုန်းမြင့်(ISN–၅၁၃၁၇၇)အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် (ခြေရင်းခြမ်း) အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက်အား ယခုရောင်းချသူ ဒေါ်မေမီဦး [၁၂/ကမရ (နိုင်) ၀၀၁၆၄၂]က ယင်းမြေကွက်အား လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၇၇၀)**
**အမှတ်– ၆၇၈၊ ဣန္ဒာ (၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၀၁၇၂၉၁၉၊ ၀၉–၉၇၄၀၀၀၈၃၉**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၁ ၊ လူနေရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ် (၁၁၅)၊ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား၊ အကျယ်အဝန်း(၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်– ၁၁၅ ၊ ရာဇသင်္ကြန်(၂)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြေကွက်နှင့် အဆောက်အဦတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သီသီလွင် [၁၂/ဥကတ (နိုင်)၀၀၆၅၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းနော်လှိုင်း [၁၃/ပလတ(နိုင်)၀၁၆၇၇၅]က အပြီးအပိုင်ဝယ်ယူရန် (၂၅–၃–၂၀၂၆)ရက်နေ့တွင် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်ထွန်း (LL.B ,D.B.L, D.I.L)**
**WIPO–General Course On Intellectual Property (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၀၇)**
